# မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 25 July 2025 ၁၁၈၈၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကျုံဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၄**

ကော့ကရိတ်မြို့သည် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်တွင် ပါဝင်၍ ဘားအံ- မြဝတီကားလမ်းကြီးအပေါ်တွင် တည်ရှိပြီး စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော မြဝတီမြို့နှင့် ၄၁ မိုင်ခန့်သာ ကွာဝေးပြီး ကူးသန်းရောင်းဝယ်ရေးအတွက် အဓိကကျသည့် အာရှလမ်းမကြီးပေါ်တွင် တည်ရှိကာ ကော့ကရိတ်မြို့မှ မြဝတီမြို့-ဘားအံ-မော်လမြိုင်နှင့် ကြာအင်းဆိပ်ကြီးမြို့များသို့ သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော အဓိက အချက်အချာကျသည့် လမ်းဆုံမြို့တစ်မြို့ဖြစ်သည်။

**ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရ**

ထိုသို့ အာရှလမ်းမကြီးပေါ်ရှိ အဓိက အချက်အချာကျသည့် ကော့ကရိတ်မြို့နှင့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ရည်ရွယ်၍ KNU ၊ KNLA နှင့် PDF အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား အပြီးအပိုင် သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီလဆန်းပိုင်းမှစ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ်-သင်္ကန်းညီနောင် လမ်းဟောင်းအတိုင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖




ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

## ယနေ့ ဖတ်စရာ


ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၃

မြန်မာစံချိန်စံညွှန်းများ ပြင်ဆင်သတ်မှတ်ခြင်း
စာမျက်နှာ » ၁၂

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက် အခမ်းအနားကျင်းပ
စာမျက်နှာ » ၆

သဒ္ဓါကို ယုံကြည်စိတ်ချရမှုနဲ့ တုံ့ပြန်ကြစို့
ဆောင်းပါး စာမျက်နှာ » ၁၀

နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်
စာမျက်နှာ » ၇

ကြေးမုံ

# မျိုးစေ့မှန်၍ အပင်လည်းသန် ဖူးငုံသီးလှ ဈေးကွက်ကောင်းရ

"မျိုးစေ့မမှန် အပင်မသန်" စကားပုံရှိသည်။ မျိုးစေ့မှန်မှ အပင်သန်မည်ဖြစ်သည်။ မျိုးကောင်းမျိုးစေ့မဟုတ်သော မျိုးစေ့မှပေါက်လာသည့် အပင်သည် သန်သန်စွမ်းစွမ်း ဝေဝေဆာဆာမရှိသလို မျိုးကောင်းမျိုးစေ့မှ ကြီးထွားရှင်သန်လာသောအပင်သည် မျိုးစေ့မှန်သဖြင့် အပင်လည်းသန် အဖူးအငုံအသီးအပွင့်များလည်းလှပပြီး ဈေးကွက်ကောင်းကိုရရှိကာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအဖို့ စီးပွားတွက်ခြေကိုက်မည်ဖြစ်သည်။ မျိုးစေ့ဟူသည် အပင်အညွှာက်ပေါက်တော့မည့် အစေ့အဆန်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ မိရိုးဖလာစိုက်ပျိုးကြသည့် မြန်မာတောင်သူများသည် ဆန်စပါးစိုက်ပျိုးခြင်းမှအစ စားရေရိက္ခာအသီးအနှံအမျိုးမျိုး စိုက်ပျိုးကြသည့်အခါတွင် သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးကြသည်။ အပင်မှဖြစ်လာသည့် အသီးဖြစ်တိုင်း အစေ့မှမျိုးဖြစ်မလာပေ။ အစေ့များအနက် မျိုးစေ့ဖြစ်နိုင်သည့် အင်္ဂါအရပ်ရပ်ပြည့်စုံမှသာ ပင်လောင်းဖြစ်နိုင်သည်။ ပင်လောင်းဖြစ်ပြန်လျှင်လည်း မျိုးစေ့မှန်မှသာ ရှင်သန်ကြီးထွားဖွံ့ဖြိုးသည်။ တောင်သူတို့အဖို့ မြေမကောင်းလျှင် ပြုပြင်နိုင်သည်။ ရာသီမကောင်းလျှင် တစ်နှစ်ထိခိုက်သည်။ မျိုးမကောင်းလျှင် နှစ်ပေါင်းများစွာ အကျိုးစီးပွားထိခိုက်သဖြင့် မျိုးကောင်းမျိုးသန့် သုတေသနပြုခြင်း လုပ်ငန်းများကို အလေးထားဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံတွင် မျိုးစေ့ကဏ္ဍနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် မိရိုးဖလာနည်းလမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသလို ခေတ်မီနည်းစနစ်တကျ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးဌာနက သုတေသနပြုလုပ်ခြင်း၊ အလုပ်ရုံဆွေးနွေးခြင်း၊ သုတေသနစာတမ်းဖတ်ကြားခြင်း၊ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း၊ စမ်းသပ်ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ မျိုးစေ့ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍမှ မျိုးစေ့ပညာရှင်များ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးသူတောင်သူများအား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ မျိုးစေ့မှန် ရှင်သန်ဖွံ့ဖြိုးမှသာ တောင်သူများ ဈေးကွက်မျက်နှာပန်းလှပြီး စီးပွားရေးကောင်းမွန်ကာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။

မျိုးစေ့သုတေသနပြု အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခြင်းသည် မြန်မာ့မျိုးစေ့ကဏ္ဍ၏ လက်ရှိအခြေအနေကို နားလည်သဘောပေါက်ရန်နှင့် အဓိကစိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရန်၊ မျိုးစေ့ထုတ်လုပ်မှု၊ အရည်အသွေးထိန်းချုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ သုံးသပ်ချက်များကို သိရှိစေရန်၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မျှဝေတာဝန်ယူခြင်းအားဖြင့် သီးနှံများအထွက်တိုးရေးကိုအထောက်အကူဖြစ်စေရန်၊ မျိုးစေ့ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့်မူဝါဒနှင့် အကြံပြုချက်များချမှတ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မျိုးစေ့ထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ အနာဂတ်ကာလတွင် မျိုးစေ့ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်တင်ပို့သည့်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေရန် လိုအပ်သောပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများ ဖန်တီးပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေကြသော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ တောင်သူများအနေဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက်အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရန်လိုသည်။

ခိုင်မာသော မျိုးစေ့ဟူသည် အရည်အသွေးပြည့်မီသော မျိုးစေ့များကို လိုအပ်သောအချိန်၊ လိုအပ်သောနေရာတွင် လိုအပ်သလောက်ကို တောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူများ ရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုးစေ့ကို ပြည်တွင်း၌ထုတ်လုပ်ခြင်းနှင့် ပြည်ပမှတင်သွင်းခြင်းဖြင့် ဆောင်ရွက်နေသော်လည်း ရေရှည်တွင် သီးနှံမျိုးစုံစိုက်ပျိုးရေးအတွက် လိုအပ်သောမျိုးစေ့များကို မြန်မာနိုင်ငံ၏ ကွဲပြားခြားနားသော ရေ၊ မြေ၊ ရာသီဥတု အနေအထားအရ မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပြီး ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအပြင် ကြီးမားလာသော ကမ္ဘာ့မျိုးစေ့ဈေးကွက်ရှိ ဒေသတွင်းနိုင်ငံများ၏ ဈေးကွက်ကို မျှဝေရယူနိုင်ရန်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အရည်အသွေးပြည့်ဝသည့် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တောင်သူများနှင့် မျိုးစေ့ထုတ်လုပ်ငန်းစဉ်တွင်ပါဝင်ပတ်သက်သူများသာမက နိုင်ငံတော်အတွက်ပါ အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်မော်အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## တိုက်ကြီးမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**တိုက်ကြီး ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်အခွန်ဦးစီးဌာနကကြီးမှူး၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်က ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ တည်ဆဲအခွန်ဥပဒေနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ရွှေဆိုင်၊ ဖုန်းဆိုင်နှင့် စားသောက်ဆိုင် လုပ်ကိုင်သည့် လုပ်ငန်းရှင်များနှင့် အခွန်ထမ်းပြည်သူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အခွန်အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဟသ္သာတမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ဟသ္သာတ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ် (၅) အခြေခံပညာ အလယ်တန်းကျောင်း တေဇခန်းမတွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။



ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမာဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာက မီးလောင်ရခြင်းအကြောင်းရင်းများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လိုက်နာရမည့်အချက်များ၊ ဆောင်ရန်ရှောင်ရန်များနှင့် အရေးပေါ်မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်ငါးဦးတို့က စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟသ္သာတ)**

## ၂၄ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၂၀၀ | ၃၁၈ | ၂,၂၇၈,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၂၁၆ | ၇၁၂,၈၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂ | ၁၅,၆၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၃၇၃ | ၇၂၇,၃၅၀ |
| TMH | ၂,၅၅၀ | ၂,၆၀၀ | ၈၀၀ | ၂,၀၇၀,၀၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၂၁၁ | ၂,၀၂၃,၁၅၀ |
| AMATA | ၃,၅၅၀ | ၃,၆၀၀ | ၁၉၆ | ၇၀၁,၈၀၀ |
| MAEX | ၃,၂၅၀ | ၃,၃၅၀ | ၃၈ | ၁၂၄,၃၀၀ |
| MADPL(PLB) | ၂,၉၅၀ | ၂,၉၅၀ | ၂၃၀ | ၆၇၈,၅၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၂ / ၂၀၂၅ )**

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင်ပါရှိသော **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်နှင့် **"ပို့ဆောင်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်များကို **"ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**ဆိုသည့်စကားရပ်ကို **"ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို **"စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က) တွင်–

(က) ပုဒ်မခွဲငယ် (၁၀)ကို ပယ်ဖျက်ရမည်။

( ခ ) မူလပုဒ်မခွဲငယ်(၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့ကို ပုဒ်မ ခွဲငယ်(၁၀)၊ (၁၁)၊ (၁၂) နှင့် (၁၃) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)ပါ **"ကော်မတီ"** ဆိုသည့် စကားရပ်ကို **"အမျိုးသားကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ(ဂ)ပါ **"လုပ်ငန်းကော်မတီ"** ဆိုသည့် စကားရပ်ကို **"နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ အခန်း(၁၀)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် –

**" အခကြေးငွေနှင့်ဒဏ်ကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း "**

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄၉ တွင် –

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် –

"ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် သတ်မှတ်ရမည်–"

( ခ ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများ။"

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၀ ပါ **"အခကြေးငွေများ"**ဆိုသည့် စကားရပ်ကို **"အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၁ တွင်–

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ ပုဒ်မ ၅၂တွင်–

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"

( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်၊

၁၁။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၅၃။ ပုဒ်မ ၁၄ အရ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၅၈။ ပုဒ်မ ၅၆ အရ အယူခံမှုတွင် ဦးစီးဌာနက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၉။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သော အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၆၀။ ပုဒ်မ ၅၇ ၊ ၅၈ သို့မဟုတ် ၅၉ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး ဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တရုတ်နိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့မှု၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေးစီမံကိန်းများ၊ နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CIDCA ၏ ဒေသရေးရာဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေး

နေပြည်တော် ဇူလိုင် ၂၄

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနက ယာယီဆောက်လုပ်ထားရှိသည့် Modular House များကို သွားရောက်ကြည့်ရှုပြီး နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ လုံခြုံစိတ်ချစွာဖြင့် စည်းကမ်းတကျနေထိုင်နိုင်ရေး၊ သောက်သုံးရေနှင့် မီး၊ မိလ္လာစနစ်များကောင်းမွန်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေး၊ လိုအပ်သည်ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက် တာဝန်ခံများအဆင့်ဆင့် တာဝန်ပေးဖွဲ့စည်းထားရှိရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ နေထိုင်စားသောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား စားဖိုဆောင် သီးနှံများနှင့် ကြက်ဥများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# သဘာဝဘေးရှာဖွေကယ်ဆယ်ရေး စုဖွဲ့ပြင်ဆင်ထားရှိမှုနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့ ညနေပိုင်းက ရာဇဌာနီလမ်းမကြီးနှင့် ရာဇသိင်္ဂဟလမ်းမကြီးများသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ ရာသီဥတုကောင်းမွန်ချိန်တွင် လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ပြီး အင်တိုက်အားတိုက်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်းသို့ သွားရောက်ပြီး သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအတွက် တပ်ဖွဲ့ဝင်များစုဖွဲ့ထားရှိမှု၊ စက်၊ ယာဉ်၊ ယန္တရားပစ္စည်းများ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ လက်တွေ့သရုပ်ပြကိုင်တွယ်အသုံးပြုနေမှုနှင့် ဗဟိုမီးသတ်စခန်းတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံကို စက်ယန္တရားဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လှိုင်ကော် ဇူလိုင် ၂၄

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ပေါ်ရှိ အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှု၊ ဘီလူးချောင်းရေဝင်ရောက်မှု၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ မင်းကျောင်းကန် အမှတ်(၄)နှင့် အမှတ်(၅) ကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ ကန်ရေပြည့်မှတ်ကျော်လွန်၍ရေပိုများ ရေနုတ်မြောင်းများမှတစ်ဆင့် ဘီလူးချောင်းအတွင်း ရေထုတ်လွှတ်မှုအခြေအနေ၊ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ဒေါနိုးကူးနှင့် နမ့်ကွတ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်နိုင်ရန် ရေနုတ်မြောင်းများ ဆောင်ရွက်ထားရှိမှုနှင့် နမ့်ကွတ်ရေစက်ရုံမှ မြို့ပေါ်ရပ်ကွက် လေးခုသို့ ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလပြီးစီးရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ အသင့်စုဖွဲ့ပြင်ဆင်ထားရှိရေး၊ ရေထိန်းတံခါးများ စနစ်တကျ ထည့်သွင်းတည်ဆောက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ လှိုင်ကော်မြို့ ဘီလူးချောင်းရေ မြင့်တက်၍ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် လောပိတလမ်းတစ်လျှောက် မြေထိန်းနံရံတည်ဆောက်နေမှုနှင့် ကမ်းနားတစ်လျှောက်ရှိ လျှပ်စစ်မီးကြိုးများ၊ ဆက်သွယ်ရေးကြိုးများ စနစ်တကျရှိစေရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ မြို့လယ်ကန္ဒရဝတီတံတားတွင် ဘီလူးချောင်းရေအမှတ် တိုင်းတာထားရှိမှုနှင့် ရေဝင်ရောက်မှုအခြေအနေ၊ ရှမ်းစုရပ်ကွက်အတွင်း ဘီလူးချောင်းရေမြင့်တက် ဝင်ရောက်နိုင်သည့်အနိမ့်ပိုင်းနေရာတွင် ရေထိန်းနံရံများ တည်ဆောက်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မြဝတီမြို့၌ ရေဘေးသင့်ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ဆောင်ရွက်လျက်ရှိ

မြဝတီ ဇူလိုင် ၂၄

ကရင်ပြည်နယ် မြဝတီမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သောင်ရင်းမြစ်ရေသည် ယနေ့တွင် စိုးရိမ်ရေမှတ်ကျော်လွန်ရောက်ရှိခဲ့မှုကြောင့် မြဝတီမြို့အနိမ့်ပိုင်းနှင့် မြစ်နှင့်နီးသော ရပ်ကွက်များသို့ ရေဝင်ရောက်လျက်ရှိရာ အဆိုပါနေရာများ၌ နေထိုင်သည့် ပြည်သူများက အရေးပေါ်ဖွင့်လှစ်ထားရှိသော ရှာဖွေကယ်ဆယ်ရေးစုရပ် ငါးခုဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယမန်နေ့ညနေ ၄ နာရီခွဲမှစတင်ကာ ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး အရေးပေါ်ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်ကြသော ကြခတ္တောဘုန်းတော်ကြီးကျောင်း၊ တောရဘုန်းတော်ကြီးကျောင်း၊ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၊ မိဋ္ဌာန်အောင်ဘုန်းတော်ကြီးကျောင်း၊ ဟေမာန်ဦးဘုန်းတော်ကြီးကျောင်း၊ ရေပူတောင်ပေါ်ကျောင်း စသည့်နေရာများ၌



အမှတ် ၃၊ ၄၊ ၅ ရပ်ကွက်များရှိ အိမ်ထောင်စု ၃၀၆ စု စုစုပေါင်း ၁၂၄၀ တို့က ပြောင်းရွှေ့ရောက်ရှိခဲ့ကြသည်။

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သောင်ရင်းမြစ်ရေသည် စိုးရိမ်ရေမှတ်ထက်ကျော်လွန်နေပြီဖြစ်သည့်အတွက် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားနှင့် အနိမ့်ပိုင်းစာသင်ကျောင်းများဖြစ်သော အမှတ်(၁)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၃)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွင်းသို့ ရေသုံးပေခန့်ဝင်ရောက်ခဲ့ကြောင်းနှင့် အမှတ်(၁) ချစ်ကြည်ရေးတံတား ယာယီပိတ်ထားလျက်ရှိသည်။


အဆိုပါ ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် မြဝတီခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက ကြီးကြပ်၍ ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ရေးကော်မတီဝင်များ၊ မြဝတီမြို့ပေါ်ရှိ ပရဟိတအဖွဲ့များကပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့နှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် မန္တလေးလျှောက်ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေ၊ မြန်မာအစိုးရနှင့် CIDCA တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍများ၌ ဦးစားပေး အကောင်အထည်ဖော်လိုသည့်စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ CIDCA မှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ သံတမန်များ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌတို့က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဥက္ကဋ္ဌတို့က တရုတ် - မြန်မာ ချစ်ကြည်ရေး အဆင့်မြင့်အထူးကုဆေးရုံကြီးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ခြေ လေ့လာသုံးသပ်မှုအတွက် စာလွှာလက်မှတ်ရေးထိုး လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ရန်ကုန်မြို့အခြေစိုက် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Olandino Ruide Andrade အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

## ပြောကြား

တွေ့ဆုံစဉ် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေးထူထောင်လိုပါကြောင်း၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံသို့ အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အားပေးထောက်ခံမှုကို ရရှိလိုပါကြောင်း၊ တီမောလက်စ်တေနိုင်ငံ အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များအားလုံးကို လေးစားလိုက်နာသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြု ပြောကြားသည်။ ထို့ပြင် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံက မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရန်အတွက် ၎င်းတို့အနေဖြင့် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တီမောလက်စ်တေနိုင်ငံ၏ မြို့တော်ဒီလီ၌ သံရုံး လာရောက် ဖွင့်လှစ်စေလိုပါကြောင်း မေတ္တာရပ်ခံ ပြောကြားသည်။

ဒုတိယဝန်ကြီးက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိမှုကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီး အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရန် ဆန္ဒရှိသည်ဟုသိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများကို တက်ကြွစွာ လိုက်ပါဆောင်ရွက်လျက်ရှိပါကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်နှင့် အညီဖြစ်ရန်လိုအပ်ကြောင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရန် လိုအပ်ပါကြောင်း၊ မကြာမီက ကျင်းပပြုလုပ်ခဲ့သည့် (၅၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခဲ့ကြရာတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက် ကောင်းမွန်စေရန်အတွက် အပြုသဘောဆောင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❖ **ကျောဖုံးမှ**

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၊ ဩရိဿပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက်အခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနား ကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူများကရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ခန်းမအတွင်း ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။




ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက်မြန်မာနိုင်ငံဆိုင်ရာတရုတ် စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူး နှင့်ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင် ၂၂ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ကျောင်းအုပ်ကြီး၊ ဆရာများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများ အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသတွင်း စက်မှုဇုန်များ၊ MSME လုပ်ငန်းများရှိ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည့် ခေတ်မီနည်းပညာရှင် လူငယ်ကောင်းများကို စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် Future Technology Lab သို့ ရောက်ရှိပြီး ဉာဏ်ရည်တုနည်းပညာ(AI)နှင့် Internet of Things(IoT) နည်းပညာတို့ကို စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လက်တွေ့ကျကျ အသုံးချနိုင်ရေးအတွက် သင်တန်းများတွင် လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှု အခြေအနေ၊ စာကြည့်တိုက်တွင် ပြင်ဆင်ထားရှိမှုနှင့် စာအုပ်များ ဖြည့်ဆည်းထားရှိမှု အခြေအနေ၊ ကျောင်းဥပမိရုပ် ကောင်းမွန်ရေးနှင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။



အဆိုပါ သင်တန်းကျောင်းတွင် စက်မှုကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ သင်တန်းသုံးခု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ သင်တန်းတစ်ခု၊ Wood working နည်းပညာဆိုင်ရာ သင်တန်းနှစ်ခု၊ ရေစီးမံခန့်ခွဲမှုဆိုင်ရာ သင်တန်း တစ်ခု စုစုပေါင်း သင်တန်းခုနစ်ခုအပြင် အင်ဂျင်နီယာဘွဲ့ကြို ကျောင်းသားများအတွက် လုပ်ငန်းခွင်အသင့်လေ့ကျင့်ရေး သင်တန်းများ၊ ဆရာများအတွက် Reskilling နှင့် Upskilling သင်တန်းများ၊ နိုင်ငံတကာနည်းပညာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသားများအတွက် ပြိုင်ပွဲအကြိုသင်တန်းများကိုပါ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၁၀၊ ၀၅၈-၂၀၂၁၅၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၁၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




နောင်ချိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်နေစဉ်။



နောင်ချိုမြို့ရှိ ယာယီဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်မှစတင်၍ ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၃၀ လာရောက်ကျောင်းအပ်နှံကြပြီး ကျောင်းအပ်နှံမှု အဆင်ပြေချောမွေ့စေရန်အတွက် တပ်မတော်သားများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည်။ အဆိုပါကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ ယနေ့အထိ သတ်မှတ်ထားပြီး ယနေ့အထိ ကျောင်းသား ကျောင်းသူ ၄၅၆ ဦး လာရောက်အပ်နှံထားကြောင်း သိရသည်။ ထိုသို့ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ပညာရေးကဏ္ဍတွင် နစ်နာဆုံးရှုံးမှုများမဖြစ်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် ပညာသင်ကြားပေးကြမည့် ဆရာ ဆရာမများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီး မြင့်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ၁၈၀၀၀၀၊ ခဲတံဒါဇင် ၃၈၆၀၊ ဘောပင်အချောင်း ၃၀၀၀ နှင့် ကျောင်းဝတ်စုံ ၂၀၀ တို့ကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းဝတ်စုံ ၁၇၆ စုံတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။








| ဆရာမ | ကျောင်းသားမိဘ |
|---|---|

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေးကဏ္ဍ၏ အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိ ကျောင်းသား ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အလေးပေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

**ဆရာမ**

ကျောင်းသား ကျောင်းသူတွေအတွက် ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ကျောင်းဝတ်စုံတွေ၊ ကျောင်းသုံးဗလာစာအုပ်တွေ၊ ပုံနှိပ်စာအုပ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ထောက်ပံ့ပြီးတော့ မြန်မာ့တပ်မတော်ကလည်း ဆရာ ဆရာမတွေအတွက် တိုက်ပုံအင်္ကျီနဲ့ အဖြူအစိမ်းကျောင်းဝတ်စုံတွေကို ထောက်ပံ့ပေးပါတယ်ရှင့်။ ၁၉ ရက်နေ့မှာ ကျွန်မတို့ နောင်ချိုမြို့ထဲကို ပြန်ဝင်လာပြီးတဲ့အခါမှာ ကျောင်းတွေကို လှည့်လည်ပြီး ကြည့်ရှုပါတယ်။ အထက ( ၁ )ကို ဦးစားပေးအနေနဲ့ဖွင့်ဖို့အတွက် ၂၀ ရက်နေ့မှာ တပ်မတော်ရဲ့အကူအညီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းတွေရဲ့အကူအညီနဲ့ သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ လူထုတွေ့ဆုံပွဲတွေ ဆောင်ရွက်ခဲ့ပြီးတော့ ကျောင်းတွေပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် အသိပညာတွေပေးခဲ့ပါတယ်။ အသိပညာတွေပေးပြီးတဲ့အခါမှာ ၂၂ ရက်နေ့မှာ ကျောင်းသားတွေကို စတင်ပြီးတော့ ကျောင်းအပ်လက်ခံခဲ့ပါတယ်။ တစ်မြို့လုံးမှာရှိတဲ့ ကျောင်းပေါင်းကိုးကျောင်းက ကျောင်းသားတွေလည်း အထက (၁) မှာပဲ ပထမဦးဆုံးကျောင်းအပ်လက်ခံခဲ့ပြီးတော့ ဦးစားပေးအနေနဲ့ ဖွင့်လှစ်ဖို့အတွက် အကြီးအကဲတွေက စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုမျိုး မြန်မာ့တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီး အေးချမ်းသွားတဲ့အချိန်မှာ ကျွန်မတို့ ပြန်လည်ဝင်ရောက်လာပါတယ်။ ကျွန်မတို့ရဲ့ မိဘတွေ၊ ကျောင်းသား ကျောင်းသူတွေကို မြင်တွေ့ရတဲ့အခါမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းဖွင့်ပေးတဲ့အချိန်မှာ ကြီးကြပ်ကူညီပေးတဲ့ မြန်မာ့တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့တွေရဲ့ ဦးဆောင်မှုနဲ့ ဒီကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်နိုင်တဲ့အတွက် ကျွန်မအနေနဲ့ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်ရှင့်။

**ကျောင်းသားမိဘ**

အခုလို ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့ ကျောင်းသားမိဘတွေလည်း အတိုင်းမသိ ဝမ်းသာရပါတယ်ရှင့်။ စာအုပ်တွေ၊ ခဲတံတွေ၊ ကျောင်းဝတ်စုံတွေပေးတော့ ကျွန်မတို့ ကျောင်းသားမိဘတွေအတွက် အများကြီးအဆင်ပြေတဲ့အတွက်ကြောင့် အကြီးအကဲတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင့်။

**သတင်းစဉ်**



ကျုံဒိုး - ကော့ကရိတ် လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြီးကြပ်ကန့်သတ်ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများကို တွေ့မြင်ရစဉ်။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများ၊ ဆက်သွယ်ရေးမြောင်းနှင့် ဘန်ကာများအား တွေ့မြင်ရစဉ်။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ်ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး – ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး – ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားဘေး ရှောင်ကွင်းလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❖ **ရှေ့ဖုံးမှ**

ကော့ကရိတ်မြို့ မြောက်ဘက်ရှိ ကောင်းမှုကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့် ကြောင်ရှာကုန်းကျေးရွာတို့မှ လည်းကောင်း၊ မြို့တောင်ဘက် လမ်းဖာ-အစွန်း- တမိုင်ကုန်းမှ လည်းကောင်း၊ စစ်ကြောင်းနှစ်ကြောင်းဖြင့် ကော့ကရိတ်မြို့အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် အဝေးမှနေ၍ လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများကြောင့် ရုံး/ဌာန အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံ တိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များ ရန်သူ့လက်သို့ ကျရောက်ခြင်းမရှိစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ သစ္စာ(၄)ချက် ရွတ်ဆိုကြသည့် တပ်မတော်သားကောင်း ရတနာများပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှုပ်ရှုပ်ချုံချုံဖြင့် မြို့တွင်းခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ မေ ၁၉ ရက်မှ ၂၂ ရက်အထိ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများသည် အထိအခိုက် အကျအဆုံးများစွာ ဖရိုဖရဲ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားပြီးနောက် KNU၊ KNLA လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများသည် NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဖက် နားလည်မှုဖြင့် ခွင့်ပြုပေးထားသည့် မြန်မာ-ထိုင်း နယ်စပ်အနီး ၎င်းတို့အဖွဲ့အစည်း နေထိုင်သည့် နေရာများ၌ ပြည်တွင်းမှ နိုင်ငံရေး အရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့် ထိုင်းနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသား လူငယ်များအားလုံးအား နိုင်ငံရေး၊ စစ်ရေး မက်လုံးများပေးလျက် သွေးကြွစေပြီး အဆိုပါလူငယ်များအား အကြမ်းဖက်သင်ခန်းစာ သင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းစသည့် အခွင့်အရေးများ အပြည့်အဝ ရယူအသုံးချကာ KNU ၊ KNLA အဖွဲ့၏ အင်အားတိုးပွား တောင့်တင်းခိုင်မာစေရေးနှင့် KNU ၊ KNLA အဖွဲ့၏ ရှေ့ကာတပ်အဖြစ် အသေခံ အသုံးချခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ပူးပေါင်းလျက် ၎င်းတို့၏ စစ်ရေး ရည်မှန်းချက်များအား ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကအချက်အချာကျသည့်

**စာမျက်နှာ ၉ သို့** ❖

❖ စာမျက်နှာ ၈ မှ

ဘားအံ – ကျုံဒိုး – ကော့ကရိတ် – မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ သာလွန်အင်အားများဖြင့် လမ်းကြောင်း ငါးကြောင်းဖြစ်သည့် **အောက်ဘိုတဲ – ရန်ကုတ် – ကော့ကရိတ်လမ်းကြောင်း၊ အောက်ဘိုတဲ – မြပတိုင်– အုန်းတပင်– အင်းကြီး– ကျုံဒိုးလမ်းကြောင်း၊ မိကလုံ–နောင်တမံ–တာဝါလဲ– နွားခြံကုန်း – ကျုံဒိုးလမ်းကြောင်း၊ တောင်ကြာအင်း – မြောက်ကြာအင်း– ကိုးတိုင်– ငါးတိုင် – လေးတိုင်လမ်းကြောင်း၊ စက္ကဝက်– အောင်လှိုင်– တမိုင်ကုန်း– ကော့ကရိတ်လမ်းကြောင်းများ**ဖြင့် ထပ်မံဝင်ရောက်လာပြီး ကျုံဒိုး–ကော့ကရိတ်–မြဝတီ အာရှလမ်းမကြီးအား ပိတ်ဆို့ပြီး ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့အား အပြင်းအထန် တိုက်ခိုက်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့တိုက်ခိုက်မှုများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါ ဒေသရှိ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲ ဖြစ်ပေါ်ခဲ့ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ **KNU၊ KNLA နှင့် PDF** အကြမ်းဖက် ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများက တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ တစ်ဖိုလ်ကျ တစ်ဖိုလ်တက် စိတ်ဓာတ်တို့ဖြင့် ကျုံဒိုး–ကော့ကရိတ်ကြားတွင် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ သုံးလကျော်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခုနစ်ကြိမ်၊ ထိတွေ့တိုက်ပွဲ ၈၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူခေါင်းဆောင်ပိုင်းအချို့ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်း အပါအဝင် ရန်သူထံမှ အလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ အလက် ၃၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ကျဆုံးခဲ့ပြီး ယနေ့ဇူလိုင် ၂၄ ရက်တွင် ကျုံဒိုး–ကော့ကရိတ်လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့ကာ ၎င်းတို့၏ စစ်ရေးရည်မှန်းချက်ကို တပ်မတော်က အပြီးတိုင် ရိုက်ချိုးနိုင်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ဆောင်ရွက်နေကျဖြစ်သည့် အဖျက်အမှောင့် လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်၊ သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ် ပိတ်ဆို့ခြင်း၊ ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကြားရှိ ညီညာသာလင်း တံတားနှင့် ၅ တိုင်တံတားအပါအဝင် အခြားလမ်း၊ တံတားများအား မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဟိန္ဒူဘုရားရှိခိုးကျောင်းအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းပေါ်၌ သစ်ပင်၊ သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားရှိမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ကျုံဒိုး–ကော့ကရိတ် လမ်းကြောင်းတွင် ပိတ်ဆို့နေရာယူထားမှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် သစ်ပင်များခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် သစ်ပင်များခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအောက်တွင် ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြဝတီမှတစ်ဆင့် အာရှလမ်းမကြီး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျန်ရှိနေသည့် လမ်းပိုင်းအချို့အား အမြန်ဆုံး ဆက်လက်ရှင်းလင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ကျုံဒိုး–ကော့ကရိတ်မြို့များ၏ ဒုတိယအကြိမ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများအား တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဒ္ဓါကို ယုံကြည်စိတ်ချရမှုနဲ့ တုံ့ပြန်ကြစို့

မောင်ရှိန်(ဘောဂဗေဒ)

**ကျွန်တော့်အသက် နှစ် ၇၀ နီးပါးကာလ တွေ့ကြုံခဲ့ရတဲ့သူတွေထဲမှာ သဒ္ဓါတရားရှိသူတွေကို တွေ့ရသလို သဒ္ဓါတရားမရှိတဲ့သူတွေကိုလည်း တွေ့ကြုံခဲ့ရပါတယ်။**

**“သဒ္ဓါ (Generosity)” ဝေါဟာရကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေတဲ့ မြန်မာအဘိဓာန်စာအုပ်မှာ “လိုလားကြည်ဖြူသည်၊ ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု၊ လိုလားကြည်ဖြူခြင်း”၊ “သဒ္ဓါပေါက်” ကို “ပေးကမ်းလှူဒါန်းလိုသော စေတနာဖြစ်ပေါ်သည်”ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။**

အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေထဲမှာ ကျွန်တော် ပြောလိုတဲ့အချက်နဲ့ အနီးစပ်ဆုံးအဓိပ္ပာယ်ကတော့ **“ပေးကမ်းလှူဒါန်းလိုသော စေတနာဖြစ်ပေါ်သည်”** ပါ။ ပေးကမ်းလှူဒါန်းဖို့ဆိုတာ ပေးကမ်းလှူဒါန်းနိုင်တဲ့ပစ္စည်း၊ ဥစ္စာရှိဖို့ကလည်း အခြေခံလိုအပ်ချက်တစ်ခုဖြစ်သလို ပေးကမ်းလှူဒါန်းလိုတဲ့ စေတနာရှိဖို့ကလည်း မဖြစ်မနေ လိုအပ်ချက်ပါ။

သဒ္ဓါနဲ့ဆက်နွယ်နေတဲ့ စကားလုံးကတော့ ဒါနဖြစ်ပါတယ်။ ဒါနကို ပါဠိ-မြန်မာ အဘိဓာန်မှာ **“ပေးခြင်း၊ ပေးကမ်းခြင်း၊ အလှူပေးခြင်း”**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အင်္ဂလိပ်လို charity, alms-giving, beneficence ဆိုပြီး ဘာသာပြန်ဆိုထားပါတယ်။ ပါဠိနဲ့ရင်းနှီးနေပြီဖြစ်တဲ့ မြန်မာတို့မှာ ဒါနဆိုတဲ့ ပါဠိစကားကို ပါဠိအတိုင်း ဒါနလို့သုံးရင် နားလည်ကြပါတယ်။

## သဒ္ဓါနဲ့ပတ်သက်လို့ ကိုယ်တွေ့အတွေ့အကြုံ

နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့တွေဖြစ်တဲ့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ်တွေ အနက် ဒါနဖြစ်ဖို့ မဖြစ်မနေလိုအပ်တဲ့ သဒ္ဓါနဲ့ ပတ်သက်လို့ ကိုယ်တွေ့အတွေ့အကြုံလေးကို ပြောပြလိုပါတယ်။

ကျွန်တော်ဟာ ၁၉၉၆ ခုနှစ်လောက်က အဖွဲ့အစည်းတစ်ခုရဲ့ အားကစားကော်မတီမှာ တာဝန်ယူခဲ့ရတုန်းက အားကစားပြိုင်ပွဲပြီးလို့ ဌာနကို ပြန်ရောက်တော့ ပြေးခုန်ပစ်ပြိုင်ပွဲမှာ ဆုရရှိသူတွေကို သက်သာချောင်ချိရေးဆိုင်က ဆန်လေးတစ်အိတ်စီရောင်းပေးဖို့ တင်ပြတာကို တာဝန်ရှိတဲ့သူက ရန်ပုံငွေလည်းရှိ၊ လုပ်ပိုင်ခွင့်လည်းရှိပေမယ့် မသိချင်ယောင် ဆောင်နေလိုက်ပါတယ်။ ၁၉၉၉ ခုနှစ်လောက်မှာ မူလတန်းကျောင်းလေးတစ်ကျောင်းရဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ရတုန်းကလည်း အဲဒီကျောင်းဧရိယာအပါအဝင် စီမံအုပ်ချုပ်ရတဲ့တာဝန်ရှိသူကို ပညာရည်ထူးချွန်ဆုရတဲ့ ကျောင်းသားတွေကို ဆုချီးမြှင့်ဖို့အတွက် ကျောင်းရန်ပုံငွေနည်းပါးနေလို့ ကူညီထောက်ပံ့ပေးဖို့ တင်ပြတာကိုလည်း အဲဒီသူက မသိလိုက် မသိဘာသာနေခဲ့ပြီး ကူညီထောက်ပံ့မှုမပြုခဲ့ပါဘူး။

မကြာသေးမီကလည်း အသိမိတ်ဆွေတစ်ဦးဆီက သဒ္ဓါတရားနဲ့ပတ်သက်လို့ သတင်းတစ်ခုကြားရပြန်ပါတယ်။ ကုမ္ပဏီသူဌေးလုပ်တဲ့သူက သူ့ကုမ္ပဏီရဲ့ ငွေရေးကြေးရေး အကျပ်အတည်းကြောင့် ဝန်ထမ်းတွေကိုလျှော့ချင်တာ တည်ဆဲအလုပ်သမားဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ ဝန်ထမ်းကို အလုပ်ကထုတ်ချင်ရင် သုံးလစာပေးပြီးမှ ထုတ်ရမှာကို မပေးချင်လို့ ရှုံးနောက်ကျတဲ့ဝန်ထမ်းတွေကို စာရင်းကောက်နေကြောင်း၊ အခြားအပြစ်တွေလည်း ရှာပြီး အလုပ်ကထုတ်ဖို့ ဆောင်ရွက်နေကြောင်း ကြားသိရပါတယ်။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေကို ရဲဘော်ရဲဘက်တွေလိုသဘောထား၊ မိဘဆရာသမားလိုသဘောထားပြီး ပြုမူဆက်ဆံရမှာကို သဒ္ဓါတရားချို့တဲ့မှုကြောင့် မလုပ်သင့်၊ မလုပ်ထိုက်တာတွေ လုပ်ကိုင်နေတာကို ကြားသိရလို့ စိတ်မကောင်းဖြစ်မိပါတယ်။

သဒ္ဓါတရားချို့တဲ့သူတွေရှိသလို သဒ္ဓါတရားထက်သန်သူတွေကိုလည်း အများအပြားတွေ့ရှိရပါတယ်။ အနီးဆုံးကာလကိုကြည့်ရင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါကပ်ဆိုး၊ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်၊ မြန်မာနိုင်ငံအလယ်ပိုင်း နေပြည်တော် တပ်ကုန်းပတ်ဝန်းကျင် စတဲ့ဒေသတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီး၊ မြေပြိုမှုများ၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်ဘေးကြီး စသဖြင့် သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ရစဉ်တုန်းက စေတနာ သဒ္ဓါတရားထက်သန်သူတွေကို သတင်းစာ၊ ဂျာနယ်၊ တီဗွီသတင်းတွေမှာ ဖတ်ရှုသိရှိရသလို ကမ္ပည်းမတင် အသိမပေးဘဲ လှူဒါန်းခဲ့ကြတဲ့သူတွေလည်း အမြောက်အမြားရှိခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ အလှူအတန်းနဲ့ပတ်သက်လို့ အင်မတန် သဒ္ဓါတရားရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလှူအတန်း အရက်ရောဆုံး ၁၀ နိုင်ငံစာရင်းမှာ နံပါတ် ၂ နေရာမှာရှိကြောင်း သိရပါတယ်။

RANKED: THE MOST CHARITABLE COUNTRIES IN THE WORLD, 2024

1 United States
2 Myanmar
3 New Zealand
4 Australia
5 Ireland
6 Canada
7 United Kingdom
8 Netherlands
9 Sri Lanka
10 Indonesia

CEOWORLD Magazine
Source/Chart: CEOWORLD magazine research

သဒ္ဓါတရားနဲ့ပတ်သက်လို့ တခြားကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေးတွေကို တင်ပြလိုပါတယ်။ ကျွန်တော်ဟာ ပရဟိတအဖွဲ့အစည်းတစ်ခုရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေစဉ် အခြားအသိအဖွဲ့အစည်းတစ်ခုကို Printer (used) လေးတစ်လုံး အသင်းအတွက် အဆင်ပြေရင် ကူညီပေးဖို့ မေတ္တာရပ်ခံစာလေးပို့ခဲ့ပါတယ်။ အသုံးပြုပြီးသား (used) အကူအညီတောင်းရတာက လုပ်ငန်း/အဖွဲ့အစည်းတွေလည်း စီးပွားရေးအခြေအနေ ရုန်းကန်ကြိုးစားနေကြရတာဖြစ်လို့ အားနာလို့ အသုံးပြုပြီးသားစက်လေးကိုပဲ အကူအညီတောင်းခံရတာပါ။ အဲဒီစာကိုလက်ခံရရှိတော့ အဲဒီအဖွဲ့အစည်းရဲ့ တာဝန်ရှိသူက သုံးပြီးသားကို မလှူလိုပါ။ စက်အသစ်တစ်လုံး လှူပါ့မယ်ပြောပြီး လှူခဲ့ပါတယ်။

## အလွန်ကောင်းမွန်တဲ့လုပ်ရပ်ဖြစ်

နောက်ပြီး အဖွဲ့အစည်းတစ်ခုမှာ ကျွန်တော် တာဝန်ထမ်းဆောင်နေတုန်းက အဖြစ်အပျက်လေးတစ်ခုပါ။ တစ်နေ့ အစည်းအဝေးကျင်းပနေစဉ် တာဝန်ရှိသူက ဝန်ထမ်းတွေကို ဘဏ္ဍာနှစ်ကုန်မှာ ဆုကြေးငွေ (Bonus) တွေပေးခဲ့ကြောင်း၊ လက်ရှိစားသောက်ကုန်ဈေးနှုန်းတွေ ကြီးမြင့်မှုကြောင့် ဝန်ထမ်းလစာတွေကိုလည်း တစ်နည်းတစ်လမ်းနဲ့ တိုးမြှင့်ပေးဖို့ စဉ်းစားနေကြောင်း ပြောပါတယ်။ အဲဒီလို ရှင်းလင်းတင်ပြပြီးလို့ အထွေထွေဆွေးနွေးခြင်း အပိုင်းရောက်တဲ့အခါ ကျွန်တော်က အခုလို ဝန်ထမ်းတွေကို နှစ်စဉ် ဆုကြေးငွေပေးတာ အလွန်ကောင်းမွန်တဲ့လုပ်ရပ်ဖြစ်ကြောင်း၊ ထပ်ပြီး ဝန်ထမ်းတွေရဲ့လစာကိုလည်းတိုးပေးဖို့ စဉ်းစားနေတယ်ဆိုလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ဒီလိုအချိန်မှာ ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ဆရာကြီး မင်းသုဝဏ်ရဲ့ မောင်ခွေးဖတ်ဖို့ ကဗျာများထဲက ဆွမ်းအုပ်နီနီကဗျာလေးကို သတိရမိပါကြောင်း ပြောပြီး ကဗျာလေးကို အောက်ပါအတိုင်း ဆိုပြမိပါတယ်-

**“ဆွမ်းအုပ်နီနီ အမေရွက်လို့ မနက်ဖြန်သဘက်**
**ကျောင်းတက်မယ် .....**
**မောင်လည်းလိုက်မယ် ...... ချန်မထားနဲ့**
**အမေသွားတော့ ပျင်းလှတယ် .....**
**ကျောင်းကြီးပေါ်မှာ မောင်မဆော့နဲ့ ......**
**ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ် .....**
**မောင်မဆော့ပါ..... စိတ်ပုတီးနဲ့ ဘုန်းတော်**
**ကြီးလို နေပါ့မယ် ... လိုက်မယ် ... လိုက်မယ် ...”**

ကျွန်တော် အဲဒီကဗျာလေးလည်း ဆိုပြီးရော တာဝန်ရှိသူက ဝမ်းသာအားရနဲ့ လက်ခုပ်လက်ဝါးတီးပြီး ဟား ...ဟား ...ဟား မောင်လည်းလိုက်မယ် ချန်မထားနဲ့၊ မောင်လည်းလိုက်မယ် ချန်မထားနဲ့ ဆိုပါတယ်။ နောက် “ကျွန်တော်တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ဘုတ်အဖွဲ့ဝင်တွေကို ဆုကြေးပေးဖို့ ဆောင်ရွက်ပါ့မယ်” ပြောပြီး အဲဒီနေ့ညနေပိုင်းမှာပဲ ဘုတ်အဖွဲ့ဝင်တွေကို ဆုကြေးငွေတွေပေးခဲ့ပါတယ်။ သဒ္ဓါတရားရှိသူတွေကျတော့ အခြေခံကောင်းကြလို့ အရိပ်ပြရုံနဲ့ အကောင်ထင်ကြပါတယ်။

## နိဗ္ဗာန်သို့သွားရာ တံတားကြီး

သဒ္ဓါတရားနဲ့ပတ်သက်လို့ ဓမ္မပဒမှာ **“သဒ္ဓါတရားသည် နိဗ္ဗာန်သို့သွားရာ တံတားကြီးဖြစ်၏”** လို့ ဖော်ပြထားပါတယ်။ သဒ္ဓါတရားအရင်းခံ မျိုးစေ့မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်အားထုတ်မှု နှစ်ခုပေါင်းစပ်မှုဖြစ်ကြောင်း၊ သဒ္ဓါတရားပြင်းထန်သူများသည် ရှေးဘဝများစွာတွင် ဒါန၊ သီလ၊ ဘာဝနာ ပါရမီများ ဖြည့်ကျင့်ခဲ့ကြသူများဖြစ်ကြောင်း၊ ဥပမာ ပါရမီဆယ်ပါးဖြည့်ခဲ့သော ဝေဿန္တရာမင်း၏ဘဝကဲ့သို့ဖြစ်ကြောင်း၊ ယခုဘဝတွင်လည်း ရတနာသုံးပါးကို ကိုးကွယ်ခဲ့သည့်ပုဂ္ဂိုလ်များ၊ ရဟန်းတော်များ၊ သီလရှင်များနှင့် ဆက်သွယ်မှုရှိလေ့ရှိသူများဖြစ်ကြောင်း ဖတ်ရှုမှတ်သားခဲ့ဖူးပါတယ်။

သဒ္ဓါတရားနဲ့ ပတ်သက်လို့ရေးနေရင်း ၁၇-၇-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ “အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ” ဆိုတဲ့ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါတယ်။

သတင်းမှာ ဖော်ပြထားတာက အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးစီး၍ ၁၆-၇-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပခဲ့ကြောင်း၊ အဆိုပါရန်ပုံငွေထူထောင်ရခြင်း၏ရည်ရွယ်ချက်မှာ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရန်၊ ပြည်သူများ၏ အိုးအိမ်များ ပြန်လည်ထူထောင်ရန်နှင့် နေထိုင်မှုအဆင်ပြေစေရန် သက်သာသောအတိုးနှုန်းဖြင့် တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန်၊ ငလျင်ဒဏ် ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် အထူးချေးငွေအစီအစဉ်တွင် ပါဝင်သည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ ပံ့ပိုးမှုတို့ဖြင့် ရန်ပုံငွေအား စုစုပေါင်းငွေကျပ် ဘီလီယံ ၇၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံနှင့်နေအိမ်များပြန်လည်တည်ဆောက်မွမ်းမံရေးအတွက် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ MSME များ၏ လုပ်ငန်းလည်ပတ်ရင်းနှီးငွေ (Working Capital)နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအတွက် အတိုးနှုန်း ငါးရာခိုင်နှုန်း၊ **စာမျက်နှာ ၁၁ သို့** ☆

**“သဒ္ဓါတရားနဲ့ပတ်သက်လို့ ဓမ္မပဒမှာ “သဒ္ဓါတရားသည် နိဗ္ဗာန်သို့သွားရာ တံတားကြီးဖြစ်၏” လို့ ဖော်ပြထားပါတယ်။ သဒ္ဓါတရားအရင်းခံ မျိုးစေ့မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်အားထုတ်မှု နှစ်ခုပေါင်းစပ်မှုဖြစ်ကြောင်း၊ သဒ္ဓါတရားပြင်းထန်သူများသည် ရှေးဘဝများစွာတွင် ဒါန၊ သီလ၊ ဘာဝနာ ပါရမီများ ဖြည့်ကျင့်ခဲ့ကြသူများဖြစ်ကြောင်း၊ ဥပမာ ပါရမီဆယ်ပါးဖြည့်ခဲ့သော ဝေဿန္တရာမင်း၏ ဘဝကဲ့သို့ဖြစ်ကြောင်း၊ ယခုဘဝတွင်လည်း ရတနာသုံးပါးကို ကိုးကွယ်ခဲ့သည့်ပုဂ္ဂိုလ်များ၊ ရဟန်းတော်များ၊ သီလရှင်များနှင့် ဆက်သွယ်မှုရှိလေ့ရှိသူများဖြစ်”**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအား မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) က လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်များနှင့် ပညာရေးအလှူငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဦးစီးဌာနများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများရှိ ဝန်ထမ်းသားသမီးများအတွက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)က လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်များနှင့် ပညာရေးအလှူငွေ ပေးအပ်ခြင်းအခမ်းအနားကိုယနေ့မွန်းလွဲ ၁ နာရီတွင်နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး တက်ရောက်လက်ခံသည်။

**လက်ခံရယူ**

ဦးစွာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦးက လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် အမှာစကားကို အွန်လိုင်းမှ ပြောကြားပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ပညာရေးအလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည့် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းကိုယ်စား အမြဲတမ်းအတွင်းဝန်က လက်ခံရယူသည်။

ထို့နောက် ဒုတိယစာရင်းစစ်ချုပ်က မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ပေးအပ်လှူဒါန်းသည့် ပညာရေးအလှူငွေအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းကို အလှူရှင်များကိုယ်စား ဦးစီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်များက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကျောင်းသား ကျောင်းသူ၊ သားငယ် သမီးငယ်များအား လှူဒါန်းသည့် ဗလာစာအုပ်များနှင့် ပညာရေးအလှူငွေများပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား NaypyiTaw State Polytechnic University တွင် ပညာသင်ကြားလျက်ရှိသည့် ပထမနှစ်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်တက်ရောက်သူ ငါးဦး၊ အထက်တန်းတက်ရောက်သူ ၁၆ ဦး၊ အလယ်တန်း တက်ရောက်သူ ၃၁ ဦး၊ မူလတန်းတက်ရောက်သူ ၇၆ ဦး စုစုပေါင်း ၁၂၈ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ပညာရေးအလှူငွေများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်နှင့် ဗဟန်းမြို့နယ်တို့က ဦးဆောင်၍ စာဖတ်ဝိုင်းပြုလုပ်



ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန် တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လှိုင်မြို့နယ် စာပေချစ်သူများအဖွဲ့တို့ ဦးဆောင်၍ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘက်စုံသုံးခန်းမ၌ စာဖတ်ဝိုင်းကျင်းပရာ အခမ်းအနားမှူးအဖြစ်ဆရာမ ဒေါ်တင်တင်(ရန်ကုန်) က ဆောင်ရွက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) ကော်မတီဝင် ဆရာမင်းဆက်ပိုင်၊ လှိုင်မြို့နယ်စာပေချစ်သူများအဖွဲ့ ဥက္ကဋ္ဌ ဆရာသန်းကျော်(မိတ္ထီလာ)၊ ဗဟန်းမြို့နယ် စာပေချစ်သူများအဖွဲ့ အတွင်းရေးမှူး ဆရာကိုမောင်သန်းဝင်း၊ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းစိုးတို့က အမှာစကားနှင့် မုဒိတာစကားများ ပြောကြားသည်။

ထို့နောက် ဆရာမ နန်းဟင်းပြင်းက "သမိုင်းအစ သမုစဉ်လာ မရိုင်းအလှအနုပညာ" ဆောင်းပါးကိုဖတ်ကြား၍ ဦးဆောင်ဆွေးနွေးရာ စာဖတ်ဝိုင်းသို့ တက်ရောက်လာသော ဗဟန်း၊ လှိုင်၊ စမ်းချောင်း၊ သာကေတ၊ မရမ်းကုန်း၊ ကျောက်တံတား၊ မြောက်ဥက္ကလာပမြို့နယ်တို့မှ စာရေးဆရာများက ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ပန်းဘဲတန်းမြို့နယ် မြန်မာ့နဝရတ်သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မြန်မာ့နဝရတ်မျက်စိစောင့်ရှောက်မှု သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ပန်းဘဲတန်းမြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အိရတနာအောင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဒေါ်နွေးနွေးထက်အောင်က ဖတ်ကြားတင်သွင်းပြီး အသင်းသား တစ်ဦးဖြစ်သူ ဒေါ်ဆောင်းနှင်းဝေက ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီးအသင်းသားများအား အစုအပေါ်အမြတ်ငွေ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၀ မှ

စက်ရုံလုပ်ငန်းကြီးများ၏ စက်ယန္တရားများနှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်အတွက် အတိုးနှုန်း ခုနစ်ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယာယီချေးငွေ (Bridging Loan) အတွက် အတိုးနှုန်း ခုနစ်ရာခိုင်နှုန်းတို့ဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်ရန်ပုံငွေဖြင့် ထုတ်ချေးသည့်အတွက် ဆုံးရှုံးနိုင်ခြေမရှိအောင် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆွေးနွေးအကြံပြုချက်များအရ ဦးစားပေးကဏ္ဍများအနေဖြင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ ပျက်စီးသွားသောလူနေအိမ်များအား ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ အမြန်ဆုံးထုတ်ချေးသွားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း ဖော်ပြထားတာကို ဖတ်ရှုလိုက်ရပါတယ်။

### နိုင်ငံတော်အစိုးရရဲ့ စေတနာ၊ သဒ္ဓါတရားကို အထင်အရှားတွေ့မြင်ရ

အဲဒီသတင်းမှာ ငလျင်ဘေးဒဏ်သင့် စီးပွားရေးလုပ်ငန်းတွေနဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေအပေါ် နိုင်ငံတော်အစိုးရရဲ့ စေတနာ၊ သဒ္ဓါတရားကို အထင်အရှားတွေ့မြင်ရလို့ ဝမ်းသာပီတိဖြစ်ရသလို ၁၁-၇-၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ ခေါင်းစဉ်နဲ့လည်း သတင်းတစ်ပုဒ် ဖတ်လိုက်ရလို့ ချေးငွေတွေနဲ့ ပတ်သက်လို့ သတိထားဆောင်ရွက်ဖို့ လိုအပ်တာကိုလည်း သတိပြုမိပါတယ်။

အဲဒီသတင်းမှာ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ချေးငွေအတိုး၊ အရင်းမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများမှ ငလျင်ဘေးဒဏ် အမှန်တကယ် ထိခိုက်ခံစားခဲ့ရသည့် ကုမ္ပဏီ/လုပ်ငန်းများကို ချန်လှပ်၍ ကျန်လုပ်ငန်းများကို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူရန်ကိစ္စ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍနှင့် ရပ်ရှင်၊ ဂီတ၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍတို့သည် ချေးငွေသက်တမ်းကာလ ပြည့်မြောက်နေပြီဖြစ်သည့်အတွက် ချေးငွေများ ပြန်လည်ကောက်ခံရန်ကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ဖတ်ရှုရပါတယ်။

> ❝ချေးငွေရယူခဲ့တဲ့၊ ချေးငွေရယူမယ့် စီးပွားရေးလုပ်ငန်းတွေနဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ သဒ္ဓါတရားကို ယုံကြည်စိတ်ချရမှု (Trust, Faith)နဲ့ တုံ့ပြန်ဖို့လိုအပ်တာကို တွေ့ရပါတယ်။ ကြွေးယူတော့ ပြုံးပြုံး၊ တောင်းတော့မုန်းဆိုတဲ့ ဆိုရိုးစကားလိုမဖြစ်ဖို့၊ မင်းဘဏ္ဍာ ကိုယ့်ဟာမှတ်လို့ မလုပ်မိဖို့၊ ကြွေးတင် ရှင်ဘုရင်ဆပ်လိမ့်မယ်ဆိုပြီး ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် မလုပ်မိကြဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာ၊ သဒ္ဓါတရားနဲ့ ပေးတဲ့ချေးငွေတွေကို ချေးငွေရယူသူတွေအနေနဲ့ စနစ်တကျ စီမံခန့်ခွဲ အသုံးချဖို့လိုအပ်❞

ဒါကြောင့် ချေးငွေရယူခဲ့တဲ့၊ ချေးငွေရယူမယ့် စီးပွားရေးလုပ်ငန်းတွေနဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ သဒ္ဓါတရားကို ယုံကြည်စိတ်ချရမှု (Trust, Faith)နဲ့ တုံ့ပြန်ဖို့လိုအပ်တာကို တွေ့ရပါတယ်။ ကြွေးယူတော့ပြုံးပြုံး၊ တောင်းတော့မုန်းဆိုတဲ့ ဆိုရိုးစကားလိုမဖြစ်ဖို့၊ မင်းဘဏ္ဍာကိုယ့်ဟာမှတ်လို့ မလုပ်မိဖို့၊ ကြွေးတင် ရှင်ဘုရင်ဆပ်လိမ့်မယ်ဆိုပြီး ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက် မလုပ်မိကြဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာ၊ သဒ္ဓါတရားနဲ့ ပေးတဲ့ချေးငွေတွေကို ချေးငွေရယူသူတွေအနေနဲ့ စနစ်တကျ စီမံခန့်ခွဲအသုံးချဖို့ လိုအပ်သလို၊ သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်အနေနဲ့လည်း ချေးငွေအရင်း/အတိုးတွေကို သတ်မှတ်ချိန်အတိုင်း ပြန်လည်ရရှိအောင် အထူးဂရုပြုကြပ်မတ်သွားဖို့ လိုအပ်ပါတယ်။

အချုပ်အားဖြင့်တင်ပြရရင် နိုင်ငံတော်အစိုးရရဲ့ သဒ္ဓါတရားကို ကိုယ်ရယူထားတဲ့ ချေးငွေတွေအတွက် သတ်မှတ်ချက်နဲ့အညီ အရင်း/အတိုးတွေကို စီးပွားရေးလုပ်ငန်းရှင်တွေ၊ပြည်သူတွေနဲ့ဝန်ထမ်းတွေက အချိန်မီပေးဆပ်ခြင်းတည်းဆိုတဲ့ ယုံကြည်စိတ်ချရမှုနဲ့ တုံ့ပြန်ကြပါစို့လို့ အသိ၊ သတိပြုနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါတယ်။ ။

# မြန်မာစံချိန်စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အမျိုးသား စံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၈)၊ (၀၂၂/၂၀၁၉)၊ (၁၄၉/၂၀၁၉)၊ (၀၆၆/၂၀၂၀)၊ (၀၉၁/၂၀၂၂)၊ (၁၅၀/၂၀၂၂)၊ (၀၂၃/၂၀၂၄)တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာစံချိန်စံညွှန်းများအနက် စံချိန်စံညွှန်း (၂၂၃)ခုကို International Standards များနှင့်အညီ Update ပြုလုပ်ထားသော အောက်ဖော်ပြပါစံချိန်စံညွှန်း(၂၀၉)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည် –

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
|---|---|
| ၁။ | MMS IEC 60034–1:2022 လည်ပတ်လှုပ်ရှားဆောင်ရွက်သည့် လျှပ်စစ်စက်ပစ္စည်းများ– အပိုင်း(၁)–စံနှုန်းသတ်မှတ်မှုနှင့်စွမ်းဆောင်ရည် |
| ၂။ | MMS IEC 60034–2–1:2024 လည်ပတ်သည့်လျှပ်စစ်စက်ပစ္စည်းများ–အပိုင်း (၂–၁)– စမ်းသပ်ခြင်းမှ ပျောက်ဆုံးမှုနှင့် စွမ်းရည်ရှိမှု ဆုံးဖြတ်ခြင်းအတွက် စံချိန်စံညွှန်း နည်းလမ်းများ (ဆွဲငင်ယာဉ်များ အတွက် စက်မပါ) |
| ၃။ | MMS IEC 60086–1:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ – အပိုင်း(၁) – အထွေထွေ |
| ၄။ | MMS IEC 60086–2:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ – အပိုင်း(၂) – သွင်ပြင်နှင့် လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များ |
| ၅။ | MMS IEC 60227–1: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာ ဝါယာကြိုးများ – အပိုင်း(၁)– အထွေထွေလိုအပ်ချက်များ |
| ၆။ | MMS IEC 60227–3: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာ ဝါယာကြိုးများ – အပိုင်း(၃) – ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝါယာ |
| ၇။ | MMS IEC 60227–4: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာ ဝါယာကြိုးများ – အပိုင်း(၄)– ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝါယာ |
| ၈။ | MMS IEC 60227–5: 2024 သတ်မှတ်ဗို့အား၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုက်(ပီဗွီစီ) ဖုံးအုပ်ထားသောဝါယာကြိုးများ – အပိုင်း(၅) – ဝါယာကြိုးပျော့များ |
| ၉။ | MMS IEC 60227–7:2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုဒ်(ပီဗွီစီ) လျှပ်ကာကေဘယ်လ်များ – အပိုင်း(၇)– သတ်မှတ်ဗို့အား ၃၀၀/၅၀၀ ဗို့အားအထိ အသုံးပြုနိုင်သည့် သတ္တုအလွှာပါးပါနှင့် သတ္တုအလွှာပါးမပါသည့် လျှပ်ကူးနှစ်ကြိုး သို့မဟုတ် နှစ်ကြိုးထက် ပို၍ပါသော ကေဘယ်လ်ပျော့များ |
| ၁၀။ | MMS IEC 60228: 2023 လျှပ်ကာကေဘယ်လ်များ၏ လျှပ်ကူးပစ္စည်းများ |
| ၁၁။ | MMS IEC 60245–3:1994+AMD1:1997+AMD2:2011 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ရော်ဘာလျှပ်ကာဝါယာကြိုးများ – အပိုင်း(၃)– အပူခံဆီလီကွန် ဒြပ်ပေါင်း လျှပ်ကာဝါယာကြိုးများ |
| ၁၂။ | MMS IEC 60269–1:2024 ဗို့အားနိမ့်ဖျူးစ်များ – အပိုင်း(၁)– အထွေထွေလိုအပ်ချက်များ |
| ၁၃။ | MMS IEC 60269–2:2013+AMD1:2016+AMD2:2024 ဗို့အားနိမ့်ဖျူးစ်များ – အပိုင်း(၂)– သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရှိသူများသာ လုပ်ကိုင်ရမည့်ဖျူးစ်များအတွက် ထပ်မံဖြည့်စွက် လိုအပ်ချက်များ (စက်မှုလုပ်ငန်းတွင် အဓိကအသုံးပြုသည့် ဖျူးစ်များ) A မှ K အထိ ဖျူးစ်များ၏ စံသတ်မှတ်ထားသည့်စနစ်ဥပမာများ |
| ၁၄။ | MMS IEC 60269–3:2024 ဗို့အားနိမ့်ဖျူးစ်များ – အပိုင်း(၃)– သာမန်ဆောင်ရွက်သူများသာ လုပ်ကိုင်ရမည့် ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (နေအိမ် သို့မဟုတ် အလားတူ နေရာများတွင် အဓိကအသုံးပြုသည့်ဖျူးစ်များ) A မှ F အထိဖျူးစ်များ၏ စံသတ်မှတ်ထားသည့် စနစ်ဥပမာများ |
| ၁၅။ | MMS IEC 60269–4:2024 ဗို့အားနိမ့်ဖျူးစ်များ– အပိုင်း(၄)– တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ အကာအကွယ်ပြုဖျူးစ်–လင့်ခ်များအတွက်ထပ်မံဖြည့်စွက်လိုအပ်ချက်များ |
| ၁၆။ | MMS IEC 60320–1:2021 အိမ်သုံးနှင့် အလားတူ အထွေထွေအသုံးပြုခြင်းများအတွက် ဆက်သွယ် ခေါင်းပါသွယ်ကြိုး – အပိုင်း(၁) – အထွေထွေလိုအပ်ချက်များ |
| ၁၇။ | MMS IEC 60335–1:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၁)–အထွေထွေလိုအပ်ချက်များ |
| ၁၈။ | MMS IEC 60335–2–2:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၂)– ဖုန်စုပ်စက်နှင့်ရေစုပ်ယူသည့် သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက် များ |
| ၁၉။ | MMS IEC 60335– 2–3:2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၃) – လျှပ်စစ်မီးပူများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၀။ | MMS IEC 60335–2–4:2023 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄) – အဝတ်ညှစ်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၁။ | MMS IEC 60335–2–6:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၆)– လုပ်ငန်းသုံးမီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ်မီးဖိုများနှင့် အလားတူ လျှပ်စစ် ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၂။ | MMS IEC 60335–2–7:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၇) – အဝတ်လျှော်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၃။ | MMS IEC 60335–2–8: 2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၈)– မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၄။ | MMS IEC 60335–2–11:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၁၁)– အဝတ်အခြောက်ခံစက်အတွက် သီးခြားလိုအပ်ချက်များ |
| ၂၅။ | MMS IEC 60335–2–12:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၁၂) – အစားအသောက်နွေးဖို့နှင့် အလားတူ လျှပ်စစ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ် ချက်များ |
| ၂၆။ | MMS IEC 60335–2–13:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ– အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၁၃)–လျှပ်စစ်ဆီကြော်အိုးများ၊ လျှပ်စစ်ဒယ်အိုးများနှင့် အလားတူပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၇။ | MMS IEC 60335–2–15:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၁၅) – အရည်များအပူပေးသော ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၈။ | MMS IEC 60335–2–21: 2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၂၁) – ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၂၉။ | MMS IEC 60335–2–23:2016+AMD1:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ် ကင်းရှင်းရေး– အပိုင်း(၂–၂၃)– အသားအရေ သို့မဟုတ် ဆံပင်ပြုစုထိန်းသိမ်းခြင်း ပစ္စည်းကိရိယာ များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၀။ | MMS IEC 60335–2–24:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ– အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၂၄) – အအေးပေးသည့်ပစ္စည်းများ၊ ရေခဲမုန့်နှင့် ရေခဲပြုလုပ်သည့် စက်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၁။ | MMS IEC 60335–2–25:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၂၅)– မိုက်ခရိုဝေ့ဖ်မီးဖိုများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၂။ | MMS IEC 60335–2–26:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂၆) – နာရီများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၃။ | MMS IEC 60335–2–28: 2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၂၈)– အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၄။ | MMS IEC 60335–2–29:2016+AMD1:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ– အန္တရာယ် ကင်းရှင်းရေး– အပိုင်း(၂–၂၉)– ဘတ္ထရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၅။ | MMS IEC 60335–2–31: 2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၃၁) – မီးဖိုတွဲများနှင့် အခြားချက်ပြုတ် ညှော်စုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၆။ | MMS IEC 60335–2–34:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၃၄)– မော်တာ–ကွန်ပရက်ဆာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၇။ | MMS IEC 60335–2–35:2012+AMD1:2016+AMD2:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်း များ– အန္တရာယ်ကင်းရှင်းရေး – အပိုင်း(၂–၃၅) – အပူမြန်ရေပူပေးကိရိယာဆိုင်ရာ သီးခြားလိုအပ် ချက်များ |
| ၃၈။ | MMS IEC 60335–2–36:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ –အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၃၆)– စီးပွားရေးလုပ်ငန်းသုံးလျှပ်စစ်မီးဖိုတွဲများ၊ ပေါင်းဖိုများ၊ မီးဖိုများနှင့်မီးဖို၏ အပူထုတ်အစိတ်အပိုင်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၉။ | MMS IEC60335–2–40 :2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၄၀)–လျှပ်စစ်အပူပေးပန့်၊ လေအေးပေးစက်နှင့် စိုထိုင်းမှုထိန်းညှိပစ္စည်းကိရိယာများ အတွက် သီးခြားလိုအပ်ချက်များ |
| ၄၀။ | MMS IEC 60335–2–41:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄၁)–ပန့်များအတွက် သီးခြားလိုအပ်ချက်များ |
| ၄၁။ | MMS IEC 60335–2–43:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၄၃) – အဝတ်စထည်ခြောက်သွေ့စက်နှင့်ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ် ချက်များ |
| ၄၂။ | MMS IEC 60335–2–44:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ–အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂ – ၄၄) – အဝတ်ပြန့်ကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၃။ | MMS IEC 60335–2–45:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ –အန္တရာယ်ကင်းရှင်းရေး– အပိုင်း (၂–၄၅) – သယ်ဆောင်နိုင်သော အပူပေးကိရိယာနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၄။ | MMS IEC 60335–2–52:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၅၂) – သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ် ချက်များ |
| ၄၅။ | MMS IEC 60335–2–55:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၅၅) – ငါးမွေးကန်နှင့်ဥယျာဉ်သုံးရေကန်များတွင်အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများ အတွက် သီးခြားလိုအပ်ချက်များ |
| ၄၆။ | MMS IEC 60335–2–65:2023 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၆၅)– လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၇။ | MMS IEC 60335–2–73:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၇၃)– အထိုင်ချတပ်ဆင်ထားသော နှစ်မြှုပ်အပူပေးကိရိယာများဆိုင်ရာ သီးခြားလိုအပ် ချက်များ |
| ၄၈။ | MMS IEC 60335–2–74:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ – အန္တရာယ်ကင်းရှင်းရေး– အပိုင်း(၂–၇၄)–ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများ အတွက် သီးခြားလိုအပ်ချက်များ |

(ဆက်လက်ဖော်ပြပါမည်)

# ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်ဒေသ၌ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွား

**ဖန်ကောက် ဇူလိုင် ၂၄**

ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်ဒေသရှိ ဘုရားကျောင်းတစ်ခုအနီး၌ အပြန်အလှန်ပစ်ခတ်မှုများ ယနေ့ဖြစ်ပွားခဲ့သည်။

ပစ်ခတ်မှုများကြောင့် ထိုင်းနိုင်ငံဘက်ခြမ်း၌ ၁၁ ဦး သေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိကြောင်း ထိုင်းအစိုးရက ပြောကြားသည်။

ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် တိုက်ပွဲများ စတင်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက်ရှိ နေရာအများအပြား၌ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

ထိုင်းတပ်မတော်က F-16 တိုက်လေယာဉ်များဖြင့် ကမ္ဘောဒီးယားပစ်မှတ်များကို တိုက်ခိုက်ခဲ့သော်လည်း ကမ္ဘောဒီးယားအစိုးရက လက်ရှိအချိန်အထိ အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုအသေးစိတ် အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။



မေလအတွင်းက အဆိုပါဒေသတွင် နှစ်နိုင်ငံတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုကြောင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ထိုင်းနယ်စပ်အနီးတွင် မြေမြှုပ်မိုင်းကြောင့် ထိုင်းတပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြောကြားမှုကို ကမ္ဘောဒီးယားအစိုးရက အခြေအမြစ်မရှိသော စွပ်စွဲချက်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် ထိုင်းအစိုးရက ၎င်း၏ သံတမန်များကို ဇူလိုင် ၂၃ ရက်တွင် ဖနောင်ပင်မှ ပြန်လည်ခေါ်ယူခဲ့ပြီး ကမ္ဘောဒီးယားနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။

အလားတူ ကမ္ဘောဒီးယားအစိုးရကလည်း ဇူလိုင် ၂၄ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံတမန်များကို မြို့တော်ဗန်ကောက်မှ ပြန်လည်ခေါ်ယူခဲ့သည်။

နှစ်နိုင်ငံအရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာသောနည်းလမ်းဖြင့် ဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျေကန်က ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိကြောင်း ၎င်းက အလေးအနက် ပြောကြားသည်။ ပေကျင်းအနေဖြင့် တရားမျှတပြီး သမာသမတ်ကျသော ရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းမှုများကို အားပေးရန်နှင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပ

**မော်စကို ဇူလိုင် ၂၄**

ရုရှားနှင့် ယူကရိန်း ကိုယ်စားလှယ်အဖွဲ့များက တူကီယဲနိုင်ငံတွင် ဇူလိုင် ၂၃ ရက်က တတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရာ နှစ်ဖက်အကြား အကျဉ်းသား လဲလှယ်ရေးအတွက် သဘောတူညီချက် ရရှိခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖူဒင်က ဆောင်ရွက်ခဲ့သည်။

**ပြောကြား**

ဆွေးနွေးပွဲတွင် ရုရှား - ယူကရိန်း ကိုယ်စားလှယ်များအား အပစ်အခတ်ရပ်စဲရေးအောင်မြင်ရန်နှင့် စစ်ပွဲအဆုံးသတ်ရန် ရည်ရွယ်သည့် ရလဒ်ကို ဦးတည်သော စေ့စပ်ညှိနှိုင်းမှုများ အောင်မြင်ရေးအတွက် ဆောင်ရွက်ရန် ၎င်းက ညှိနှိုင်းပြောကြားသည်။

ရုရှား-ယူကရိန်းအရေး ဖြေရှင်းရေးအတွက် အစ္စတန်ဘူလ်ဆွေးနွေးပွဲတွင် ရုရှားနိုင်ငံက တင်သွင်းသည့် အဆိုပြုချက်များမှာ အပြုသဘောဆောင်ကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားသည်။

ရုရှားဘက်မှ အဆိုပြုချက်များသည် အပြုသဘောဆောင်ပြီး အဓိပ္ပာယ်ပြည့်ဝကာ ခိုင်မာသည့် ရလဒ်များရရှိရေးအတွက် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် ရုရှား - ယူကရိန်း သုံးကြိမ်မြောက် ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ မတွေ့ဆုံမီ ရုရှားသမ္မတ၏လက်ထောက် ဗလာဒီမာ မီဒင်စကီးနှင့် ယူကရိန်းအမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ အတွင်းရေးမှူး ရက်စတန်ယူမီရော့ဗ်တို့ သီးခြားတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးမှုအတွင်း နှစ်ဖက်အကြား တပ်မတော်သားများ သာမက အရပ်သားများကိုပါ လဲလှယ်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် နိုင်ငံရေး၊ စစ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် အွန်လိုင်းမှ လုပ်ငန်းအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းရန် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံသို့ အဆိုပြုခဲ့သည်။ ထို့ပြင် ဆွေးနွေးပွဲတွင် ရုရှားနိုင်ငံက ယူကရိန်းတပ်မတော်သားများ၏ ရုပ်အလောင်း ၇၀၀၀ ကို ယူကရိန်းအစိုးရထံ ပြန်လည်ပေးအပ်ပြီးဖြစ်ကြောင်းနှင့် သေဆုံးဒဏ်ရာရသူများကို ပြန်လည်မှတ်တမ်းပြုစုနိုင်ရန် အတွက် တိုက်ခိုက်မှုများကို လူသားချင်းစာနာထောက်ထားမှုအရ ခေတ္တရပ်နားထားရန် ကမ်းလှမ်းခဲ့သည်။




သံခင်းတမန်ခင်းများဆောင်ရွက်ရန်အတွက် မရှိမဖြစ် အခြေခံအုတ်မြစ်အဖြစ် ယူကရိန်းနိုင်ငံက ခြွင်းချက်မရှိအပစ်အခတ်ရပ်စဲရေးကို တောင်းဆိုကြောင်း ရက်စတန်ယူမီရော့ဗ်က ပြောကြားသည်။

ယခုအကြိမ်တွင် ရရှိခဲ့သည့် သဘော တူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး လေးကြိမ်မြောက် ဆွေးနွေးပွဲကျင်းပရန် နှစ်ဖက်အကြား ဆုံးဖြတ်ဆောင်ရွက်မည်ဟု မီဒင်စကီးက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# သီရိငါးမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ထမ်းပြည်သူများနှင့် စားသောက်ဆိုင်၊ KTV၊ ဟိုတယ်၊ တည်းခိုခန်း၊ ရွှေဆိုင်၊ မိုဘိုင်းဖုန်းဆိုင်နှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇေနော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှငွေက လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်း ခွန် သတ်မှတ်ချက်များနှင့်အညီ ပြေစာများပေါ်၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၄၅ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၅ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၀ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၃၅ |
| 95 Ron | ၂၉၉၀ | ၃၁၀၅ | ၃၀၇၀ | ၃၀၀၅ | ၃၁၁၀ | ၃၁၂၅ | ၃၁၄၀ | ၃၀၆၀ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၀ | ၃၁၅၀ | ၃၁၁၅ | ၃၁၃၅ | ၃၃၉၅ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၀ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၀ | ၂၇၈၀ | - | ၃၀၇၀ | ၂၇၉၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၀ | ၂၈၅၅ | ၃၁၁၀ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၇၀ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၁၀ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၅ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၆ | ၂၈၅၅ |
| 95 Ron | ၂၈၂၁ | ၂၉၁၁ |
| HSD (500 ppm) | ၂၅၄၈ | ၂၆၂၈ |
| HSD (50 ppm) | ၃၁၇၆ | ၃၂၆၉ |
| HSD (10 ppm) | ၃၁၇၆ | ၃၂၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပဲခူးမြို့၌ မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်

ပဲခူး ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား မျက်စိကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် မျက်စိခွဲစိတ်ကုသပေးခြင်းကို ဇူလိုင် ၂၂ ရက်မှ စတင်၍ဇူလိုင်၂၄ရက်အထိဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ခဲ့ပြီး မျက်စိဝေဒနာရှင်များနှင့် ဆေးရုံစောင့်လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကာ လာရောက်ပြသသည့် မျက်စိဝေဒနာရှင်ဆရာတော်ကြီးများနှင့် သီလရှင်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး မျက်စိဝေဒနာရှင် လူပုဂ္ဂိုလ်များအား နေ့လယ်စာကျွေးမွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်သို့ ရောက်ရှိခဲ့ပြီး မျက်စိခွဲစိတ်ကုသမှုခံယူထားသည့် ဆရာတော်ကြီး ခြောက်ပါးနှင့် သီလရှင် တစ်ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆေးဖျက်မှန်တို့အားလည်းကောင်း၊ လူပုဂ္ဂိုလ် ၃၇ ဦးအတွက် ကြက်ဥ၊ အာဟာရမုန့်နှင့် ဆေးမျက်မှန်တို့အားလည်းကောင်း တပ်ဆင်ပေးအပ်ခဲ့ပြီး ခွဲစိတ်ကုသပေးခဲ့သည့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင် ၁၂၉ ဦး လာရောက်ပြသခဲ့ပြီး ၎င်းတို့အနက်မှ အတွင်းတိမ်နှင့် ရေတိမ် မျက်စိဝေဒနာရှင် ၄၄ ဦးအား မျက်စိအလင်းပြန်လည်ရရှိအောင် ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား Biometric အချက်အလက်များနှင့် UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



### မန္တလေး

မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၄ ရက်က ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်ကြီး)၌ ပြုလုပ်သည်။

အငြိမ်းစားပင်စင်စားများအား ဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူရင်း Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းကို အလွယ်တကူရရှိနိုင်ရေး ဇူလိုင် ၂၃ ရက်မှစ၍ ဇူလိုင်လကုန်ထိ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်း)**



### ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်ထုတ်ယူရာတွင် ပိုမိုလျင်မြန်လွယ်ကူစွာ ထုတ်ယူရရှိနိုင်စေရေးအတွက် UID Smart Card များကို ဇူလိုင် ၂၃ ရက်က မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူခြင်း၊ လက်ဗွေများအား Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်း၍ UID နံပါတ်များကို ရယူပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension အစီအစဉ်တွင် ထည့်သွင်းနိုင်ရန် UID နံပါတ် ထုတ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြရာ နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၄၅၁ ဦး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

### သဲကုန်း

သဲကုန်းမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများ ထုတ်ယူရာတွင် အဆင်ပြေစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ Biometric ကောက်ယူပြီး (UID) Unique Identity ထုတ်ပေးခြင်းကို ဇူလိုင် ၂၄ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သဲကုန်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစောငြိမ်းသောင်းနှင့် ဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာထုတ်ယူရာတွင် အဆင်ပြေလွယ်ကူစေရန် (Biometric/Biographic Data)စိစစ်ကောက်ယူခြင်း၊ လက်ဗွေများ Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ကို ဇူလိုင်၂၁ ရက်မှစ၍ ၃၁ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



### ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဇူလိုင် ၂၄ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်ယူလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူဖြစ်စေရေးအတွက်(UID)ကတ်များ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ပင်စင်ထုတ်ယူရာတွင် နံပါတ်ဆယ်လုံးပါ(UID)ကတ်များဆောင်ရွက်ပေးနေမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID(Unique Indentity) နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို မြန်မာ့စီးပွားရေးဘဏ်၌ ဇူလိုင် ၂၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ရုံးဝန်ထမ်းများက မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာလာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်လစာထုတ်ယူရာတွင် လုပ်ငန်းများ အဆင်ပြေလွယ်ကူစေရန်(Biometric/Biographic Data)စိစစ်ကောက်ယူခြင်း၊ လက်ဗွေများ Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **နေမျိုးအောင်(ဒဂုံတောင်)**



### ဟင်္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား(Biometric) အချက်အလက် ကောက်ယူခြင်းနှင့် (Unique ID) ထုတ်ပေးခြင်းကို ဇူလိုင် ၂၄ ရက်က မြန်မာ့စီးပွားရေးဘဏ်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ဟင်္သာတမြို့တွင် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူရာ၌ ဇူလိုင် ၂၃ ရက်အထိ အချက်အလက်မှန်ကန်သူ အမျိုးသား ၇၂၀၊ အမျိုးသမီး ၁၀၅၆ ဦး စုစုပေါင်း ၁၇၇၆ဦး အား UID များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# စစ်တွေမြို့၌ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံရှင်းလင်းခြင်းသင်တန်းဖွင့်ပွဲကျင်းပ



**စစ်တွေ ဇူလိုင် ၂၄**

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံရှင်းလင်းခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက သဘာဝဘေးအန္တရာယ် ကျရောက်လာခဲ့ပါက ကနဦးအချက်အလက်များရရှိရန် လိုအပ်သည့်အတွက် စာရင်းအချက်အလက်များကို မှန်မှန်နှင့်မြန်မြန် သိရှိနိုင်ရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကနဦးသိရှိရမည်ဆိုလျှင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုပို့ချပေးမည့်မေးခွန်းလွှာပုံစံသည် ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ရာဂီရေဘေးစသောဘေးအန္တရာယ်ဖြစ်ပွားမှုများမှ အတွေ့အကြုံများကို အခြေခံပြီး အားနည်းချက်၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ကာ ပြည့်စုံအောင်ပြုစုထားသည့် မေးခွန်းလွှာပုံစံဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ပြည်နယ်တာဝန်ခံ ဒေါ်ဆွေဆွေတိုးက စာရင်းကောက်ယူမှုပုံစံတွင် ပါဝင်သည့်အပိုင်းများကို ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ဌာနများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပို့ချပေးသည်။

**ရှင်းလင်းပို့ချ**

ယင်းနောက် ပြည်နယ်ဗဟိုစာရင်းအင်းအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးနှင့် ဒေါ်ယဉ်မင်းထွန်းတို့က သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူမည့်ပုံစံများကို ရှင်းလင်းပို့ချကြရာ သင်တန်းသားသင်တန်းသူများက သိရှိလိုသည်များ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မော်လမြိုင် ဇူလိုင် ၂၄**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဇော်နောင်က ဌာနမှ တာဝန်ယူကြီးကြပ်ဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က မိမိတို့တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဦးစီးမှူး ဦးဇော်ဇော်နောင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်းသိရသည်။

**သုတ**



# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများ ကြီးကြပ်လျက် စတုတ္ထနှစ်/ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများအပါအဝင် စုစုပေါင်း ၆၆ ဦးသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် လာရောက်လေ့လာကြသည်။

ကျောင်းသား ကျောင်းသူများသည် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် အမှုစစ်ဆေးနေမှုများ လက်တွေ့လေ့လာကြပြီး အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ကြိုဆိုနှုတ်ခွန်းဆက်ပြီး ဒုတိယညွှန်ကြားရေးမှူးများက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အကြောင်း သိကောင်းစရာနှင့် တရားရုံးက ဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်အကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# မုံရွာမြို့နယ်၌ ပန်းရန်သင်တန်း ဖွင့်ပွဲကျင်းပ



**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မေက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မုံရွာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာစိုးက သင်တန်းကာလပြီးဆုံးသည့်တိုင် စိတ်ပါဝင်စားစွာသင်ယူကြစေလိုကြောင်းပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပို့ချမည်ဖြစ်ပြီး မုံရွာမြို့နယ်အတွင်းမှ သင်တန်းသား ၂၀ တက်ရောက်သင်ယူမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# ဒေါပုံမြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းမှ စတင်၍ တာဝန်ရှိသူများက မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေါပုံမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၄ ခုကို အလှည့်ကျကွင်းဆင်းကာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဖြစ်သော အဘိတ်ဆေးခတ်ခြင်း၊ Fogging မှုတ်ခြင်း၊ ဖုံး၊ သွန်၊ ခတ်၊ စစ် ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေဝပ်နိုင်သော နေရာများရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

**ဆောင်ရွက်**

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဒေါပုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဌာနမှူး ဒေါက်တာမျိုးမျိုးခိုင် ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုပေး



**မကွေး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့နံနက် ၇ နာရီက အဆိုပါဘဏ်ရုံး၌ ဆောင်ရွက်ပေးသည်။

မြန်မာ့ စီးပွားရေးဘဏ်တွင် မြို့နယ်အတွင်းရှိပင်စင်လာရောက်ထုတ်ယူသူ အငြိမ်းစားဝန်ထမ်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုး ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချိုသွေးချို တိုင်းတာစစ်ဆေးပေးခြင်း၊ အောက်ဆီဂျင် တိုင်းတာစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်

ပုသိမ် ဇူလိုင် ၂၄

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက် မကျီးချောင်းဘေးတွင် ပြုလုပ်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒီရေတောစိုက်ခင်းဧက ၉၄၀၀၊ ဒီရေတောကျေးရွာထင်းစိုက်ခင်း ၂၆၁၆ ဧကတို့ကိုတည်ထောင်စိုက်ပျိုးခဲ့ပါကြောင်း၊ ယခုနှစ်မိုးရာသီတွင်လည်း ဒီရေတောစိုက်ခင်းဧက ၁၄၀၀ နှင့် ဒီရေတောကျေးရွာထင်းစိုက်ခင်းဧက ၇၅၀ တို့ကိုစိုက်ပျိုးတည်ထောင်ထားရှိပြီးဖြစ်ပါကြောင်း၊ ဒီရေတောပြုန်းတီးမှုများမဖြစ်ပေါ်စေရေးအားလုံးကနည်းမျိုးစုံဖြင့် ထိန်းသိမ်းကာကွယ်ကြရန် လိုအပ်လာသည့်အတွက် ဒီရေတောများ စိုက်ပျိုးခြင်း၊ ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းများကို တတ်အားသရွေ့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ မဒမနှင့် အုန်းပင် စုစုပေါင်းအပင် ၁၄၀၀ တို့ကိုစိုက်ပျိုးပေးခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အကြိုအထိမ်းအမှတ်အဖြစ် လပွတ္တာမြို့နယ်တွင် ဒီရေတောပျိုးပင် ၁၃၀၀ ၊ မော်လမြိုင်ကျွန်းမြို့နယ် ငွေသဇင်နှစ်ကျေးရွာတွင် ဒီရေတောပျိုးပင်



၈၅၀၊ ဘိုကလေးမြို့နယ် ဒီရေတောပျိုးပင် ၁၂၁၀ တို့ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မိုးကောင်းမြို့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆောင်ရွက်

မိုးကောင်း ဇူလိုင် ၂၄

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ယာဉ်နှင့်ဆိုင်ကယ်မောင်းနှင်သူများအား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မိုးကောင်းမြို့တော်ခန်းမရှေ့ ပြည်ထောင်စုလမ်းမကြီး လမ်းဆုံလမ်းခွ၌ ပြုလုပ်သည်။

ထို့သို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော် ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲထွန်းအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆိုင်ကယ်မောင်းနှင်သူများအနက် ဆိုင်ကယ်စီးဦးထုပ်မပါရှိသူများအား ဆိုင်ကယ်စီးဦးထုပ် အခမဲ့ပေးခြင်း၊ လက်ကမ်းစာစောင်များ ပေးဝေခြင်း၊ လိုင်စင်မဲ့ ယာဉ်/ဆိုင်ကယ်များအား လက်ဝယ်ထားရှိစီးနင်းခြင်းများမပြုလုပ်ရန် အသိပညာပေးပြောကြားခြင်း၊ ဆိုင်ကယ်များတွင် သတ်မှတ်နံပါတ်ပြားနှင့် ဘက်မှန်များ တပ်ဆင်အသုံးပြုရန်နှင့် ဦးထုပ်ဆောင်းရန်၊ ယာဉ်မောင်းနေစဉ် ထိုင်ခုံခါးပတ်ပတ်ထားရန် စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



သန်းလွင်ဦး(ပြန်/ဆက်)

# ကြံခင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကြံခင်း ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဝင်းတို့က မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဌာနမှတာဝန်ယူဆောင်ရွက်မည့် ကြံခင်း-ဘက်ရဲလမ်းမှ ကြိုးကြာတန်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် phyo thin kyaw Co.Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသော တံတားဦး ကွန်ကရစ်တံတား ပေ ၁၀၀ ဒုတိယတည်ဆောက်ခြင်းလုပ်ငန်းအခြေအနေတို့အား ဆက်လက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မြန်အောင်မြို့နယ်၌ ကျေးလက်လမ်းတံတား လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြန်အောင် ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်) အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးအောင်ဇော်မင်း၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်နိုင်ဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေး(ရုံးချုပ်)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပဆင-ကညင်ငူ-ကြက်သွန်ခင်းလမ်းပေါ်ရှိ မမြဖောက်ချောင်းတံတား(ပထမပိုင်း)တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါတံတားပြီးစီးပါက ကျေးရွာ ၁၇ ရွာရှိ ဒေသခံပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ခြင်း အခမ်းအနားပြုလုပ်

ပေါင် ဇူလိုင် ၂၄

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာဆင့်ပွားသင်တန်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ) ဦးစီးအရာရှိ ဒေါ်ဂျူးနီတာဇော်က မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုခြင်းဆိုင်ရာကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်းကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်၍ မဲရုံတွင် တာဝန်ထမ်းဆောင်မည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ စုစုပေါင်း ၆၅၇ ဦးအား သင်တန်းဆရာ ရှစ်ဦးက ခေတ်မီနည်းပညာဖြင့် သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။



မွန်မလေး (ပြန်/ဆက်)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၄

၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ် ၃၃ စက္ကန့်တွင် တောင်ကြီးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၆၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (လင်းခေးမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒသမ ၉၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# တောင်သူများအား ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ၊ ဆိုလာနှစ်ချပ်တွဲ ခြောက်လက်မရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက် ပေးအပ်

ရန်ကုန် ဇူလိုင် ၂၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုပေးအပ်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မိုးစပါးစိုက်ပျိုးသည့် တောင်သူများသို့ ဓာတ်မြေဩဇာ၊ မျိုးစေ့ချကိရိယာ၊ ဆိုလာနှစ်ချပ်တွဲ ခြောက်လက်မရေတင်ပန့်နှင့် ဆိုလာ ၁၄ ချပ်တွဲ အနိမ့်တင်ရေတင်စက်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအုပ်စုရှိ GBS ဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ တောင်သူများအတွက် သွင်းအားစု



ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာ၊ အနိမ့်တင်ဆိုလာရေတင်စက်နှင့် ရေတင်ပန့်များကို ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးသုံး သွင်းအားစုများ၊ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများနှင့် ဆိုလာများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ သာကေတမြို့နယ် ရှောဂဏ်လမ်းရှိ U Energy သဘာဝဓာတ်ငွေ့စက်ရုံတွင် ကျင်းပသည့် "စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်"မှ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင်စီမံကိန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအခြေစိုက် ယူနန်ပြည်နယ် စီးပွားကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်ရုံး တာဝန်ခံ မစ္စတာကောင်းဝေက စီမံကိန်းအကြောင်း မိတ်ဆက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံမှူးကြီး မစ္စတာကျန့်ကျစ်ဟုန်က သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်စီမံကိန်းစတင်ခြင်း အထိမ်းအမှတ် ဆိုင်းဘုတ်ကို ပေးအပ်ရာ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူသည်။

"စိတ်ချင်းယှက်နွယ် ယူနန်အစီအစဉ်" စီမံကိန်းဖြင့် သာကေတမြို့နယ်အတွင်း ဆိုလာလမ်းမီးနှင့် လမ်းမီးတိုင်အစုံ ၄၀ တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ ကောက်စိုက်စက်၊ လက်ဆွဲစပါးမျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါးကွင်းသရုပ်ပြစိုက်ပျိုး

တပ်ကုန်း ဇူလိုင် ၂၄

နေပြည်တော် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနမှ ဦးဆောင်၍ ကောက်စိုက်စက်ဖြင့် တွဲဖက်သုံး 10 Row Seeder စနစ် မိုးစပါးကွင်းသရုပ်ပြ စိုက်ပျိုးခြင်းကို ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းက အင်ဖက်ကုန်းကျေးရွာ တောင်သူ ဦးရွှေညို၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက စပါးစိုက်တောင်သူများနှင့် တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ လယ်ယာသုံး စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုရေး၊ အောင်နိုင်တိုး မျိုးစပါးများ စိုက်ပျိုးရေးကို မှာကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးနိုင်ဦးက Seeder စနစ် စိုက်ပျိုးရာတွင် မျိုးစေ့ကုန်ကျမှု သက်သာခြင်း၊ ပင်ကြားတန်းကြား ညီညာစွာရရှိခြင်း၊ ကြားပေါင်းလိုက်ရလွယ်ကူခြင်း၊ တမန်းနှိုးရန် အဆင်ပြေခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ရိတ်သိမ်းရန် လွယ်ကူခြင်း စသည့်အားသာချက်များကို ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် လက်ဆွဲစပါးမျိုးစေ့ချကိရိယာများ ဝယ်ယူသည့် တောင်သူများ လက်ဝယ် ပေးအပ်ပြီး ကောက်စိုက်စက်၊ လက်ဆွဲစပါးမျိုးစေ့ချကိရိယာတို့ဖြင့် မိုးစပါးကွင်းသရုပ်ပြစိုက်ပျိုး ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



# တောင်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး လက်တွေ့သရုပ်ပြ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနနှင့် OiAC ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေး



ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ယမန်နေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် OiAC ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

### ရှင်းလင်းဟောပြော

အသိပညာပေးဟောပြောပွဲတွင် တောင်ဥက္ကလာပမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မင်းက မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြေရှိသည့်အရာများ၊ ဖြစ်ပေါ်လာပါက လုပ်ဆောင်သင့်သည့် အကြောင်းအရာများကို မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်ဟန်နီကျော်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် အရေးပေါ်ဆောင်ရွက်နိုင်ရန်အတွက် ပြုလုပ်ဆောင်ရွက်သင့်သည့်အရာများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြုံတွေ့ရပါက မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးငြိမ်းသတ်ပုံများကို ကျောင်းသား ကျောင်းသူများအား လက်တွေ့ သရုပ်ပြဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



တရားခံ ဆိုင်လူးနှင့် ကျဝေတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မိုင်းဆတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သန်း သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၄

မိုင်းဆတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားနှစ်သန်း (ကာလတန်ဖိုး ငွေကျပ်သိန်း ၈၀၀၀) သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် သတင်းအရ မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလုကျေးရွာအနီးတွင် မိုင်းတွမ်းကျေးရွာမှ မိုင်းဆတ်မြို့သို့ ဆိုင်လူးမောင်းနှင်ပြီး ကျဝေလိုက်ပါလာသည့် ISUZU အမျိုးအစားယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားနှစ်သန်း (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၀၀၀) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများကို မိုင်းဆတ်မြို့နယ် ဝမ်တုံကျေးရွာမှ မိုင်းတုံမြို့နယ် မဲကင်းကျေးရွာအနီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

☆ ဂျာမနီမှ

အခုပွဲစဉ်မှာ စပိန်အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ ဘွန်မာတီဟာ အမျိုးသမီး ဘာလွန်ဒီအောဆုကို နှစ်ကြိမ်အထိ ရယူဆွတ်ခူးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းဟာ ဂျာမနီအမျိုးသမီးအသင်းကို အနိုင်ရပြီး အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲဗိုလ်လုပွဲအဆင့် တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဗိုလ်လုပွဲမှာ အင်္ဂလန်အမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းနဲ့ အင်္ဂလန်အမျိုးသမီးအသင်းတို့ဟာ ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာလည်း ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အဲဒီတွေ့ဆုံမှုမှာတော့ စပိန်အမျိုးသမီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရရှိကာ အမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့တာဖြစ်ပါတယ်။ **ငွေကြေယ်**

❍ MNL မှ

MNL ကလပ် ရတနာပုံအသင်းနှင့် MNL-2 ကလပ် ရန်ကုန်စီးတီးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ဒုတိယပိုင်းမှနှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ဒုတိယမြောက် ရာသီကြို ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး ပထမပွဲတွင် အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ထားသည်။ ရန်ကုန်စီးတီးအသင်းသည် ယခင်ကစားထားသည့် ရာသီကြိုခြေစမ်းပွဲနှစ်ပွဲတွင် MNL ကလပ် ဒဂုံစတားယူနိုက်တက်အသင်း၊ အား/ကာသိပ္ပံအသင်းတို့နှင့် သရေကျထားသည်။

ထို့အတူ MNL ကလပ် Dagon Port အသင်းသည် MNL-2 ကလပ် Glory Goal အသင်းနှင့် ခြေစမ်းကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MNL**

## ပျောက်ဆုံးကြောင်း

ကျွန်တော် နိုင်ကိုဦး[၁၂/ဒလန(နိုင်)၀၄၁၄၈၄] CDC-62832 ၏ MEO CLASS I Course (CERTIFICATE NUMBER: MMMC/MEO I.05-11/2024) လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၃၃၄၀၂၃

## "ဒေါ်လှကြည် (CE-၀၄၉၉၃၉) အားအကြောင်းကြားတောင်းဆိုခြင်း"

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ နိုင်သဇင်(၂)လမ်း၊ မြေကွက်အမှတ်(၄၇၃/က)၊ (၂၃ပေ× ၆၀ပေ)၊ (၁၃၈၀)စတုရန်းပေ၊ ဧရိယာ (၀.၀၃၂)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် လူကြီးမင်းဒေါ်လှကြည် အမည်ဖြင့် မှတ်သားတည်ရှိပါသည်။သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေသည် အဆိုပါအိမ်ခြံမြေကို တရားဝင်အမည်ပြောင်းဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုရန် လိုအပ်နေပါသည်။သို့ဖြစ်ရာ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို လာရောက်ချုပ်ဆိုပေးရန် အကြောင်းကြားတောင်းဆိုအပ်ပါသည်။သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း လူကြီးမင်းအား အကြောင်းကြားအသိပေးအပ်ပါသည်။လူကြီးမင်းအား ဆက်သွယ်ရာတွင် ဆက်သွယ်ရာဖွေ၍မရရှိသည့်အတွက် ယခုကဲ့သို့သတင်းစာတွင် ကြေညာရခြင်းဖြစ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နွယ်နီအေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**

**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**

အမှတ်(၃/၃၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇၊ ၀၉-၄၂၀၀၅၈၅၅၃

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၂၀၁)၊ ဧရိယာ (၀. ၀၅၅ဧက)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၀၁)၊ ကျောက်စိမ်း(၆)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အားဖန်(ခ) ဒေါ်စုစုအေး [၉/မမန(နိုင်)၀၃၆၈၁၅]အမည်ပေါက်ပြီး ယင်းအမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရယူ၍ ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကောင်းမြတ်လင်း[၁၂/ကမရ(နိုင်)၀၅၈၂၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၃၁၆၃၄၀၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ထောက်ရှာပင်လမ်း၊ အမှတ်(၉၀၂)၊ မြေအကျယ်အဝန်း အလျား(၄၀)ပေx အနံ (၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးအောင်ကျော်ထူး [၉/မနမ(ပြု) ၀၀၀၀၀၇] ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ပြုသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကျော်**
**LL.B.,B.A(Business Law).,C.B.L., DL. 101 WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉)**
**အမှတ်(၇၈)ပထမထပ်၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5045140, 09 - 250729155**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်(၂၉)၊ တိုက်(D)၊ အခန်းအမှတ်(1203)၊ Magical World Exquisite Condo၊ အကျယ်အဝန်း (၃၉၁.၈၀)စတုရန်းပေခန့်ရှိ ၁၂-လွှာ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာကုမ္ပဏီ ဖြစ်သည့် New World Development Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ၁၂၀၂၅၁၃၂၅)ထံမှ ဦးကျော်ကျော် (ခ) ဦးကျော်ကျော်လှိုင် [၁၂/စခန(နိုင်) ၀၂၃၁၂၂] နှင့် ဒေါ်ကြူကြူမော် [၁၂/မဒန(ပြု)၀၀၀၀၀၃] တို့က ဝယ်ယူခဲ့ကြပါသည်။

ယခုအခါ အထက်ပါကွန်ဒိုတိုက်ခန်း၏ လက်ရှိတရားဝင်ပိုင်ရှင်များဖြစ်သည့် ဦးကျော်ကျော်(ခ)ဦးကျော်ကျော်လှိုင်[၁၂/စခန(နိုင်)၀၂၃၁၂၂]နှင့် ဒေါ်ကြူကြူမော်[၁၂/မဒန(ပြု)၀၀၀၀၀၃]ထံမှ ကျွန်ုမမိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုမထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယမုံဖူး (LL.B, D.I.L) အထက်တန်းရှေ့နေ (စဉ်-၄၄၆၈၀)**
**အလွှာ-၂၁၊ တိုင်းမ်းစီးတီးရှိ ယူအေဘီတာဝါ၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၇၇၁၀၇၂၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ (၅)လမ်း၊ အမှတ် (၄၁) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ် ကန်ထရိုက်တိုက်၏ (၄-လွှာ)၊ တတိယထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၃ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရတနာ [၁၂/တမန(နိုင်) ၀၅၇၈၈၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်သက် LL.B** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၈)**

**ဒေါ်ဆွေဇင်မိုး LL.B** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၀)**

**အမှတ် (၉/၁၁)၊ ၁၀၃-H၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၅၁၀၄၃၊ ၀၉-၂၅၄၈၉၀၇၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၂)၊ ဦးပိုင်အမှတ်- ၆၀(ခဲစင်းအနောက်ခြမ်း)၊ ၆၅x၆၆ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၀၂၇/၁၉၉၇)ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းလှမြင့်အား တရားလို ဒေါ်ကျင်မေက တရားပြိုင် ဦးထွန်းလှမြင့် (၎င်း၏ SP ရရှိသူ ဦးတင်ဝင်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၃၄/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ကျင်မေ [၁၃/ကမန(နိုင်)၁၄၀၀၉၁]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ဖခင်အမည်မှန်

တွံတေးမြို့၊ အ.ထ.က (ချောင်းမကြီး)ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မသဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးနိုင်သန်း [၁၂/တတန (နိုင်) ၀၂၉၀၀၇] ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၄-၇-၂၀၂၅)ရက်၊ ကြေးမုံ သတင်းစာ ကြော်ငြာစာမျက်နှာ (၂၆)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးခင်အိ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် အမှတ်(၅) အစား အမှတ်(၆၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမြန်ဆက်သွယ်ရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၁၁)၊ တမ္ပဝတီလမ်း၊ မြေကွက်အမှတ်-(၂၅၈)၊ ဒေါ်သန်းချိုအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အမည်ပေါက်ကိစ္စဆောင်ရွက်ရန်နှင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းချို (၁၂/ရကန(နိုင်)၀၄၉၃၂၁) (အိုင်အက်စ်အင်န်-၄၅၉၀၉၁)မှ ဆောင်ရွက်ပေးရန် လိုအပ်ပါသဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက် ဆက်သွယ်ပေးပါရန် အသိပေး ကြော်ငြာအပ်ပါသည်။ အကယ်၍ လူကြီးမင်းမှ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက အမည်ပြောင်းရန်အတွက် ဥပဒေကြောင်းအရ လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)**
**အမှတ်(၁၁၄၄)၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထူးလှိုင်**
**အထက်တန်းရှေ့နေ**
**စဉ်- ၂၄၂၉၂**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၈၂-ဋ)ဟုခေါ်တွင်သည့် ဦးကျော်စိုးဝင်း [၁၂/ကမရ(နိုင်)၀၃၂၅၂၇]လက်ဝယ်ပိုင်ဆိုင်သော(၂၀ ပေ x ၃၆ ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်ဥပစာပေါ်တွင် (၁၈ပေ x ၃၅ပေ)အကျယ်အဝန်း Hall Type ဖြင့် (၅)ထပ်အဆောက်အဦ ဆောက်လုပ်ရန် မြေပိုင်ရှင်ဖြစ်သူ ဦးကျော်စိုးဝင်းမှ ပြောဆိုကမ်းလှမ်းလာသည်ကို ကန်ထရိုက်တာ ဦးအောင်ဆွေဦး[၁၁/အမန(နိုင်)၀၃၂၁၄၈]က သဘောတူသဖြင့် (၁၃-၅-၂၀၂၅)ရက်စွဲပါ "မြေရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူ ဟော(၅)ထပ်တိုက် (၁)လုံး ဆောက်လုပ်ခြင်း ကတိတချုပ်"ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့ မြေပိုင်ရှင် ဦးကျော်စိုးဝင်းနှင့် ကန်ထရိုက်တာ ဦးအောင်ဆွေဦးတို့ ပြုလုပ်ချုပ်ဆိုခဲ့ကြသည့် (၅)ထပ်တိုက်(၁)လုံး ဆောက်လုပ်ခြင်းကတိစာချုပ်၏ သဘောတူညီချက်များအရ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရှိသည့် မြေညီထပ်၊ တတိယထပ်၊ စတုတ္ထထပ် အခန်းအလွှာများနှင့် အဆောက်အဦ ဆောက်လုပ်ခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာကိစ္စအဝဝတို့သည် ကန်ထရိုက်တာ ဦးအောင်ဆွေဦးသာလျှင် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်ဆွေဦး(ကန်ထရိုက်တာ)**
**[၁၁/အမန(နိုင်) ၀၃၂၁၄၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း (LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၁၉)**
**၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆**

**အမှတ်(၁၃/ခ)၊ (၈)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဖခင်အမည်မှန်

တွံတေးမြို့၊ အ.ထ.က (ချောင်းမကြီး)ကျောင်း Grade-12 မှ မမေသကြ်န်မိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းမြ [၁၂/တတန(နိုင်) ၁၇၂၆၇၈] ဖြစ်ပါကြောင်း။

**ဦးစန်းမြ**

## ဖခင်အမည်မှန်

တွံတေးမြို့၊ အ.ထ.က(၂)၊ မြို့မ Grade-10 မှ မထက်ရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးမောင်လှိုင် [၃/ဘအန(နိုင်) ၁၁၆၂၀၇] ဖြစ်ပါကြောင်း။

**ဦးမောင်လှိုင်**

## ဖခင်အမည်မှန်

တွံတေးမြို့၊ အ.ထ.က (ချောင်းမကြီး) ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော နော်နှင်းယမုံဦး၏ ဖခင်အမည်မှန်မှာ စောစီးမင်း [၁၂/တတန (နိုင်) ၀၄၈၈၉၃] ဖြစ်ပါကြောင်း။

**စောစီးမင်း**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ စိန်ပန်းလမ်း၊ ကွင်းအမှတ် (၆၁၇)၊ ဂရန်ကြီးကွင်း၊ ဦးပိုင်အမှတ် (၁/၃ခ)၊ အမှတ် (၁၁၅၉)၊ မြို့မြေဧရိယာ (၀.၁၀၄)ဧက အကျယ်အဝန်းရှိသည့် မြေကွက်သည် ကျောက်တန်းမြေစာရင်းရုံး၌ ဒေါ်ခင်မြမြ [၁၂/ပဇတ(နိုင်)၀၁၂၉၇၀]အမည်ဖြင့် မှတ်သားတည်ရှိသည့် မြေကွက် ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ(၁) ထပ်တိုက်၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ဒေါ်ခင်မြမြ [၁၂/ပဇတ(နိုင်)၀၁၂၉၇၀]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေး [၁၂/သဃက(နိုင်)၀၉၇၁၆၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၁၈၁၈၂၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇)၊ ဖျာပုံလမ်း၊ မြေကွက်အမှတ်(၁၁၅၅/ခ)၊ **ဦးဌေးလှိုင်** အမည်ပေါက်မြေချပါမစ် ထွက်ရှိထားသောအကျယ်ပေ (၂၀x၆၀)၊ (၀.၀၂၇)ဧက၊ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဒေါ်ခင်ကြည်ဝင်း [၁၂/ဥကတ(နိုင်)၀၄၅၀၃၅]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မင်းစုနိုင် [၉/မခန(နိုင်)၂၂၇၂၈၅]**က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့် ပတ်သတ်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်-(၉၃/ခ)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ မြေကွက်အမှတ်(၅၃၆)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၅၃၅)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးမြမင်း(S/RGN-၀၀၅၃၄၁)အမည်ပေါက် မြေချပါမစ်(မူရင်း)ဘက်ခြမ်းမြေ အမျိုးအစား မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သိန်းသိန်းအေး[၆/မအရ(နိုင်)၀၀၂၄၇၇] ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** **(LL.B,D.I.L)**

**ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** **(LL.B,D.B.L,D.I.L,WIPO switzerland)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၁၃၊ အသေးစား စက်မှုမြေကွက်အမှတ်- ၁၅၆ဟုခေါ်တွင်သော အကျယ်အဝန်း(၂.၆၉၃)ဧကရှိ ဒေါ်ကျောက်ချိဖုန်း အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ(၁)လုံး၊ 800 KVA ထရန်စဖော်မာ (၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးအောင်ကျော်ဦး [၉/ပဥလ(နိုင်)၀၅၆၂၉၉]ကိုင်ဆောင်သူမှ ၎င်းတစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမှ ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ အရောင်းအဝယ်ကိစ္စ ပြီးဆုံးအောင်မြင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇောမိလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၅၂၉၂၉၂၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ ကံ့ကော်ရိပ်သာ (၂)ရပ်ကွက်၊ ကံ့ကော်ရိပ်သာ-၂ (၇)လမ်း၊ မြေကွက်အမှတ်(၁၂၁)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၆၅ x ၈၀)ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရှီးရှီးချိန် (ခ) ဦးကျော်စိန်လင်း [၉/မရတ(နိုင်)၁၀၆၁၀၆] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်မောင်သိန်း [၇/ပမန (နိုင်)၁၂၁၈၁၀] နှင့် ဒေါ်ယဉ်ယဉ်အေး [၇/သကန (နိုင်)၀၀၆၁၃၂] ကိုင်ဆောင်သူတို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်သိန်းနှင့် ဒေါ်ယဉ်ယဉ်အေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/အေ၊ မြေကွက်အမှတ်-၄၇၃၊ မြေကွက်တည်နေရာအမှတ်-၄၇၃၊ ဦးဘဝင်းလမ်း၊ ၃၉/အေ ရပ်ကွက်၊ ဒဂုံမြောက်၊ (ဦးမောင်မောင်မြင့်) [၁၂/ကတတ(နိုင်) ၀၂၀၁၀၀]အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်မြင့်မှ ပါမစ်မူရင်းပျောက်ဆုံးသွားသဖြင့် ပါမစ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ကတ်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ဂရန်သစ်လျှောက်ထားခြင်းအား ကန့်ကွက်ရန် ရှိမရှိ ကြော်ငြာစာရွက်တင်ပြထားပြီး မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် နှစ်ထပ်တိုက်အဆောက်အဦရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ကာ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးမောင်မောင်မြင့်မှ ပါမစ်ပျောက် ဂရန်သစ်တင်ပြ၍ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ မြေကွက်အမှတ်-၃၄၈၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅) ဧကရှိ ပါမစ်မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၀၄) ရပ်ကွက်၊ ရွှေတဆုပ်လမ်း၊ အမှတ်-၃၄၈ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအဘုလ်ဟာဆောင် [၁၂/ဒဂတ(နိုင်) ၁၄၃၃၂၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၉၇၅၀၂၁၈၄၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်– ၈၃–စ+၈၄–ဋအတွင်းမှ (၈၃–စ+၈၄–ဋ)ခဲစင်း၊ ၁၉x၂၂ ကြား၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအေးမင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၅၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကေသွယ်အေး [၉/မနမ(နိုင်)၁၁၃၁၃၆]က အမှုတွဲအမှတ် (၁၄၅၄/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ရွက်လှလမ်း၊ မြေကွက်အမှတ် (၅၁၄ နှင့် ၅၁၅) ဟုခေါ်တွင်သော မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၄)ထပ်တိုက်မှ ဒုတိယထပ် (၃ လွှာ) တိုက်ဘက်သို့ မျက်နှာမူလျှင် ညာဘက်ခြမ်းရှိ တိုက်ခန်းဟု သတ်မှတ်ထားသည့် အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်း၊ ရေ(ကိုယ်ပိုင်မော်တာ)၊ မီး(ကိုယ်ပိုင်မီတာ)အပါအဝင်နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမြင့်ဆွေ [၁၂/အစန(နိုင်)၀၁၆၈၃၅]သည် လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေအားလုံးအား အပြေအကျေပေးချေပြီး ယင်းတိုက်ခန်းအား တရားဝင်လက်ရောက်ရယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးမြင့် [၁၂/အစန (နိုင်)၀၁၄၆၂၃ ]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဥ္ဇာဝင်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်–၄၆၃၅၆)**
**အမှတ်(စီ/၅)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၁၆၅၉၂၄၄၊ ၀၉–၉၅၉၀၀၄၉၈၈၊ ၀၉–၉၅၅၆၂၉၁၂၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

